**The Mirror**
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (13-1-2015) (၈၀၈၄)

❖ ၂၀၁၅ ရွေးကောက်ပွဲများသည် တိုင်းပြည်အတွက် သမိုင်းဝင်အဖြစ်သာမကဘဲ တိုင်းပြည်၏ အနာဂတ်ကံကြမ္မာနှင့်လည်း ဆက်စပ်နေသည်ကို တွေ့ရမည်ဖြစ်။

❖ ခိုင်မာသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆောင်ကြဉ်းပေးမည်ဖြစ်၍ ပေါ်ပေါက်နေသည့် စိန်ခေါ်မှုများကို နိုင်ငံရေးအင်အားစုများအနေဖြင့် လက်တွဲကြိုးပမ်းကျော်ဖြတ်နိုင်လျှင် တိုင်းပြည်အတွက် အကျိုးကျေးဇူးများစွာဖြစ်ပေါ်လာနိုင်။

# လွတ်လပ်မျှတသောရွေးကောက်ပွဲများဖြစ်ရေး နိုင်ငံရေးအင်အားစုများ အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌဦးသန်းတင်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။** (သတင်းစဉ်)

# ကမ္ဘာ့အကြီးဆုံး အပျော်စီးခရီးသည်တင်သင်္ဘောကြီး ကော့သောင်းမြို့အနီးသို့ရောက်ရှိ



ကျော်စိုး(ကော့သောင်း)

**ကော့သောင်း ဇန်နဝါရီ ၁၂**

ကမ္ဘာ့အကြီးဆုံးအပျော်စီးခရီးသည်တင်သင်္ဘော MS.TheWorld သည် ထိုင်းနိုင်ငံဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာ့ရေပိုင်နက် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းအနီးဝန်းကျင်သို့ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ရောက်ရှိကျောက်ချရပ်နားပြီး တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ (CIQ)Clearance ပြုလုပ်ကာ နံနက် ၉ နာရီခွဲတွင် ပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အပျော်စီးခရီးသည်တင်သင်္ဘော MS.TheWorld သည် အလျား ၁၉၆ ဒသမ ၃၅ မီတာ၊ အနံ ၂၉ ဒသမ ၈ မီတာ၊ တန်ချိန် ၄၃၁၈၈ တန်၊ ရေဆူး ၆ ဒသမ ၉ မီတာရှိသည်။ ကပ္ပတိန်မှာ နော်ဝေနိုင်ငံသား Saevik, DagHarald ဆိုသူဖြစ်ပြီး သင်္ဘောအမှုထမ်း ၂၅၆ ဦး၊ ခရီးသည် ၁၆၀ ခန့် တင်ဆောင်နိုင်ပြီး The World Residences at Sea ပိုင် Nassau, Bahamas နိုင်ငံမှ တည်ဆောက်သည့် ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘောဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**

## ထူးခြားသည့် ညအပူချိန်များ

ဟားခါး
သုည ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်
၃ ဒီဂရီစင်တီဂရိတ်
ပူတာအို
၄ ဒီဂရီစင်တီဂရိတ်



ကြေးမုံစာတည်းရှုထောင့် — ၁၃-၁-၂၀၁၅၊ အင်္ဂါနေ့

# ပြည်သူ့အတွက် အကောင်းဆုံးဝန်ဆောင်မှု

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုနှင့်အထိတွေ့ဆုံးလုပ်ငန်းတစ်ခုမှာ မိုဘိုင်းဆက်သွယ်ရေးဖုန်းဖြစ်ပါသည်။ လူတန်းစားမရွေး တွင်တွင်ကျယ်ကျယ်အသုံးပြုလာနိုင်သဖြင့် လူထုကြားတွင် ဝန်ဆောင်မှုအပြောင်းအလဲတစ်ခုပြုလုပ်တိုင်း အုန်းအုန်းကျွက်ကျွက်ဖြစ်တတ်သည်မှာ အဆန်းတကြယ်မဟုတ်ပါ။

ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်မှုဖြင့် လွတ်လပ်စွာရွေးချယ်ဆောင်ရွက်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးရလဒ်များပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်အရ ပြည်သူများလွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ လွတ်လပ်စွာဝေဖန်နိုင်ခွင့်ရှိလာသောအခါ ပြည်သူအများစု၏အကြိုက်ကိုရရှိခြင်းသည်သာ အောင်မြင်သောဈေးကွက်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

တစ်ချိန်သောကာလက မိုဘိုင်းဖုန်းကို လူနည်းစုသာ အသုံးပြုနိုင်သည့်အခြေအနေမှ လူအများအသုံးပြုနိုင်သောအခြေအနေသို့ ရောက်ရှိလာခြင်းသည် နိုင်ငံတော်အစိုးရက ပြည်သူလူထုအကျိုးရှေးရှု၍ ဖြေလျှော့ပေးလိုက်သည့်အပြောင်းအလဲတစ်ခုဖြစ်သည်။ မူလက တန်ဖိုးကြီးမားစွာပေးခဲ့ရသော်လည်း တစ်စတစ်စ တန်ဖိုးလျှော့နည်းလာကာ နောက်ဆုံးတွင် အလကားနီးပါးသို့ပင် ရောက်လာတော့မလိုပင်။ ဝန်ဆောင်မှုနှင့် ခံစားခွင့်တို့လည်း အမျိုးမျိုးအဖုံဖုံပင်။ ပြည်သူများ မျှော်လင့်ထားသည့်အိပ်မက်မှာ တကယ်လုပ်ဆောင်ပေးသောအခါ အဟုတ်ဖြစ်လာခဲ့သည့်သဘောဖြစ်သည်။

စီးပွားရေးစနစ်တွင် များများထုတ်လေ တန်ဖိုးနည်းလေဟုဆိုထားသည်။ ထုတ်ကုန်အရေအတွက် တိုးတက်ဖို့လိုသလို ထုတ်ကုန်တန်ဖိုးလည်း မလျှော့ဖို့လိုသည်။ ပြည်သူအများ လက်တွေ့ကျကျ အသုံးပြုတတ်လာသောအခါ တန်ဖိုးကိုနားလည်လာသည်မှာ ဓမ္မတာဖြစ်သည်။ ထို့ကြောင့် ပြည်သူ့အကြိုက်လုပ်ဆောင်ပေးခြင်းသည်သာ အကောင်းဆုံးစီးပွားရေးဖြစ်သည်။

အရည်အသွေးအဆင့်အတန်းဆိုသည်မှာ မည်သည့်အခါမျှ မတော်တဆ၊ အမှတ်မထင်ဖြစ်ပေါ်လာခြင်း မရှိချေ။ မြင့်မားသောရည်မှန်းချက်၊ ရိုးသားဖြောင့်မတ်သော ကြိုးစားအားထုတ်မှု၊ ကြီးမားသော လုံ့လဝီရိယ၊ ထိရောက်မှန်ကန်သော ဆုံးဖြတ်ချက်တို့၏ ရလဒ်သာဖြစ်၏။ အမြော်အမြင်ကြီးမားသော ရွေးချယ်မှု၏ ရလဒ်လည်းဖြစ်သည်ဟု ပညာရှင်တစ်ဦးက ဆိုဖူးသည်။

ကမ္ဘာပေါ်တွင် ကာလကြာရှည်အောင်မြင်မှုရနေသည့် စီးပွားရေးထုတ်ကုန်လုပ်ငန်းများမှာ အရည်အသွေးကောင်းနေသောကြောင့်ဖြစ်သည်။ ကုန်ပစ္စည်းများအား ဈေးပေါပေါနှင့် ထုတ်နိုင်သော်လည်း အရည်အသွေးမှာ စံမမီလျှင် အချည်းအနှီးပင်။ ကမ္ဘာပေါ်တွင် အနောက်နိုင်ငံများထက်စာလျှင် ကုန်ပစ္စည်းတန်ဖိုးလည်းသက်သာ အရည်အသွေးလည်းကောင်းသော ဂျပန်နိုင်ငံ၏ ထုတ်ကုန်များက သက်သေပြနေသည်။

ယနေ့မြန်မာနိုင်ငံ၏ အစဦးပြောင်းလဲမှု မိုဘိုင်းဖုန်းဝန်ဆောင်မှုများတွင် ပြည်သူလူထု၏မှန်ကန်စွာရွေးချယ်မှုကို အသိအမှတ်ပြုခံနိုင်သူအတွက် အောင်မြင်သောအခွင့်အလမ်းက အသင့်စောင့်ကြိုနေသည်။ ပြည်သူများအနေဖြင့် တစ်ချိန်က မက်ခဲ့သည့်အိပ်မက်မှာ ကိုယ်ပိုင်အိမ်ရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖုန်းကလေးတစ်လုံးလောက်ကိုင်ချင်ပါသည်ဟု ဆိုထားသည်။ ယနေ့ထိုအိပ်မက် လက်တွေ့အကောင်အထည်ပေါ်လာပြီ၊ ထိုမျှသာမက ပြည်သူလူထုက ဖုန်းယဉ်ကျေးမှု၊ ဖုန်းအတတ်ပညာများ တတ်မြောက်လာကြသည်။ ဖုန်းနှင့်ပတ်သက်လျှင် မှန်မှန်ကန်ကန်ရွေးချယ်တတ်လာသည်။ ဤသည်လည်း ဒီမိုကရေစီအသီးအပွင့်တစ်မျိုးဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ အလိုဆန္ဒကိုဖြည့်ဆည်းပေးနေသော ယနေ့ကာလတွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးကြရာ၌ 'ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ'နည်းဖြင့် ပြည်သူလူထုဝေဖန်မှုအနည်းဆုံးနှင့် လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးခြင်းဖြင့် ဝန်ဆောင်မှုများပြုနိုင်ကြပါစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**အိန္ဒိယသမ္မတနိုင်ငံ**

သမ္မတဦးသိန်းစိန်ထံသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် အိန္ဒိယနိုင်ငံအစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ အနွေးထွေးဆုံး နှုတ်ခွန်းဆက်သမှုနှင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် တူညီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ကိုအခြေခံလျက် နီးနီးကပ်ကပ်နှင့် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် နှစ်နိုင်ငံအကြားရှိ နယ်ပယ်စုံဆက်ဆံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်ကျယ်ပြန့်လျက်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံ၏ မိတ်ဖက်ပေါင်းစည်းမှုသည် နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်တိုးမြှင့်စေရုံသာမက အာရှတိုက်၏ လှုပ်ရှားတက်ကြွမှုအရှိဆုံးဖြစ်သည့် ဒေသနှစ်ခုအကြား ပေါင်းကူးတံတားအဖြစ် တည်ရှိပါသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် သာယာလှပသော နေပြည်တော်သို့ မိမိလာရောက်ခဲ့စဉ်က အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ခြင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးအပေါ်ထားရှိသော အဆွေတော်၏ သဘောထားအမြင်တို့က မိမိတို့ နှစ်နိုင်ငံအကြားရှိ မိတ်ဖက်ပေါင်းစည်းမှုအလားအလာအပေါ်ထားရှိသည့် မိမိ၏ယုံကြည်ချက်ကို အားသစ်လောင်းပေးနိုင်ခဲ့ပါသည်။ အိန္ဒိယ-မြန်မာ မိတ်ဖက်ဆက်ဆံရေးကို အရှိန်အဟုန်သစ်ဖြင့် မြှင့်တင်နိုင်ရေးအတွက် အဆွေတော်နှင့် အတူတကွဆောင်ရွက်သွားနိုင်ရန် မိမိအနေဖြင့် မျှော်မှန်းထားပါသည်။

မိမိတို့အနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ အိန္ဒိယနိုင်ငံခရီးစဉ်ကိုလည်း ကြိုဆိုလျက်ရှိပါသည်။

**တူရကီသမ္မတနိုင်ငံ**

တူရကီသမ္မတ မစ္စတာရီဆက်တေယစ် အာဒိုဂန်ထံမှ သမ္မတဦးသိန်းစိန်ထံသို့ ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် တူရကီသမ္မတနိုင်ငံ ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်ထံသို့ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါကြောင်းနှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးကိုအခြေခံလျက် တူရကီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မိမိအနေဖြင့် စစ်မှန်သောဆန္ဒရှိပါကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ တူရကီသမ္မတနိုင်ငံဝန်ကြီးချုပ် အာမက် ဒါဘူတိုဂလူးထံမှ သမ္မတ ဦးသိန်းစိန်ထံသို့ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

ရန်ကုန် ဇန်နဝါရီ ၁၂

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၀၂၀၀ | - | ၆၇၁၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၀၂၀၀ | - | ၆၇၁၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၇၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၇၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၈၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၁၄. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၇. ၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၄. ၇၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၃၉၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၀. ၈၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၈. ၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့








# ဇန်နဝါရီ ၁၂ ရက် နိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်သူများ

| စဉ် | အမည် | အဖွဲ့အစည်း/တာဝန် |
|---|---|---|
| ၁။ | ဦးသိန်းစိန် | နိုင်ငံတော်သမ္မတ |
| ၂။ | ဒေါက်တာစိုင်းမောက်ခမ်း | ဒုတိယသမ္မတ |
| ၃။ | ဦးညဏ်ထွန်း | ဒုတိယသမ္မတ |
| ၄။ | သူရဦးရွှေမန်း | ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ |
| ၅။ | ဦးခင်အောင်မြင့် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ |
| ၆။ | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၇။ | ဦးတင်အေး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ |
| ၈။ | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| ၉။ | ဦးဋ္ဌေးဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ၁၀။ | ဒေါ်အောင်ဆန်းစုကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၁။ | ဦးသန်းတင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| ၁၂။ | ဦးခင်မောင်ဆွေ | ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ်အဖွဲ့(FDA) |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ညီနောင်တိုင်းရင်းသားများပါတီဖက်ဒရေးရှင်း(NBF) |
| ၁၄။ | ဦးခွန်ထွန်းဦး | ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့(UNA) |
| ၁၅။ | ဒေါက်တာမနာမ်တူးဂျာ | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ |
| ၁၆။ | ဦးဖိုးရယ် | လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ |
| ၁၇။ | ဦးစောထွန်းအောင်မြင့် | ကရင်ပြည်သူ့ပါတီ |
| ၁၈။ | ဦးဇိုဇမ်း | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ |
| ၁၉။ | ဒေါက်တာမင်းနွယ်စိုး | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ |
| ၂၀။ | ဦးအေးသာအောင် | ရခိုင်အမျိုးသားပါတီ |
| ၂၁။ | ဦးခင်မောင်ဆွေ | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်) |
| ၂၂။ | ဒေါ်ခင်ပြုံးရည် | ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး (ကချင်ပြည်နယ်) |
| ၂၃။ | ဦးအားဆီ | လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်) |
| ၂၄။ | ဦးဂွမ်ရိန်ဒီး | ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီး(ကချင်ပြည်နယ်) |
| ၂၅။ | ဦးစိန်ဦး | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(ကယားပြည်နယ်) |
| ၂၆။ | ဦးခင်ကြူး | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(ကရင်ပြည်နယ်) |
| ၂၇။ | ဦးနိုင်ချစ်ဦး | မွန်တိုင်းရင်းသားရေးရာဝန်ကြီး(ကရင်ပြည်နယ်) |
| ၂၈။ | ဦးခွန်သန်းမြင့် | ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး(ကရင်ပြည်နယ်) |
| ၂၉။ | ဦးစန်းရွှေ | ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး(စစ်ကိုင်းတိုင်းဒေသကြီး) |
| ၃၀။ | ဦးနိုထန်ကပ် | ချင်းတိုင်းရင်းသားရေးရာဝန်ကြီး(စစ်ကိုင်းတိုင်းဒေသကြီး) |
| ၃၁။ | ဦးစောဟာဘီး | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး(တနင်္သာရီတိုင်းဒေသကြီး) |
| ၃၂။ | ဦးစောဂျူဘလီစံလှ | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး(ပဲခူးတိုင်းဒေသကြီး) |
| ၃၃။ | ဦးဆလိုင်းလှထွန်း | ချင်းတိုင်းရင်းသားရေးရာဝန်ကြီး(မကွေးတိုင်းဒေသကြီး) |
| ၃၄။ | ဦးစိုင်းမောင်လှ | ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး(မန္တလေးတိုင်းဒေသကြီး) |
| ၃၅။ | ဦးသက်ဝင်း | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(မွန်ပြည်နယ်) |
| ၃၆။ | ဦးခွန်ဖေမြ | ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး(မွန်ပြည်နယ်) |
| ၃၇။ | ဦးစောအောင်ကျော်သိန်း | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး(မွန်ပြည်နယ်) |
| ၃၈။ | ဦးကိုကိုနိုင် | ချင်းတိုင်းရင်းသားရေးရာဝန်ကြီး(ရခိုင်ပြည်နယ်) |
| ၃၉။ | ဦးဇော်အေးမောင် | ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး(ရန်ကုန်တိုင်းဒေသကြီး) |
| ၄၀။ | ဦးနိုင်ဝင်း | ဗမာတိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၁။ | ဦးဝင်းမြင့် | အင်းတိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၂။ | ဦးပီတာသောင်းစိန် | ကော်(အခါ)တိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၃။ | ဦးရှာမွေလရှုံ | လားဟူတိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၄။ | ဦးဒူဝါဇုတ်ဒေါင် | ကချင်(ဂျိန်းဖော)တိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၅။ | ဦးလောရင် | ကယန်း(ပဒေါင်)တိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၆။ | ဦးဝှန်ဆန်(ခ)ယောဝိ | လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး(ရှမ်းပြည်နယ်) |
| ၄၇။ | ဦးဘကြူး | ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး(ဧရာဝတီတိုင်းဒေသကြီး) |
| ၄၈။ | ဦးမန်းသန်းရွှေ | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး(ဧရာဝတီတိုင်းဒေသကြီး) |



## နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။**(အပေါ်ပုံ)**

ယနေ့သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပ သတင်းထောက် ၇၀ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## သမဝါယမတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမနှင့် မော်ဝန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ ရန်ပုံငွေများ အလေအလွင့်မရှိအောင် စနစ်တကျ စိစစ်သုံးစွဲရေးတို့ကို မှာကြားပြီး ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်တန်း-ဝဲကြီး-တံတား-သုံးခွ ကျေးလက်ဖွံ့ဖြိုးရေးလမ်းပေါ်ရှိ မော်ဝန်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၏ ကျောက်တန်း(ဝဲကြီးဘက်ကမ်း)(A1) ဘိုးပိုင် လုပ်ငန်းပြီးစီးမှု၊ ရေလယ်တိုင်(P1)ဘိုးပိုင်တူးနေမှု၊ (P6)ဘိုးပိုင်တူးရန် Stand Pipe ရိုက်နေမှုနှင့် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းရှေ့ လူကူးခုံးကျော်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရခိုင်ပြည်နယ်ရှိ ဆက်သွယ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဇန်နဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ရှိ ရွှေကျောင်းကုန်း GSM/ BTS စခန်း၌ စက်ပစ္စည်းများတပ်ဆင်ထားမှုများကို ကြည့်ရှုသည်။

ထို့နောက် ရခိုင်ပြည်နယ် ဂွမြို့ရှိ အော်တိုအိတ်ချိန်း၊ စာတိုက်၊ ကြေးနန်းရုံးနှင့် GSM/BTS စခန်း၊ ညောင်ချောင်းကျေးရွာရှိ GSM/ BTS စခန်းသစ် တည်ဆောက်ထားမှု၊ ကျိန္တလီမြို့နယ် ခွဲရှိ ဆက်သွယ်ရေးစခန်းတွင် အော်တိုအိတ်ချိန်းသစ်တပ်ဆင်နိုင်ရေး စီစဉ်ထားမှုနှင့် သံတွဲမြို့နယ် ကျောက်ကြီးစံပြကျေးရွာ၌ GSM/ BTS စခန်းသစ် တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ရွှေအံတော် GSM/ BTS စခန်းနှင့် သံတွဲအော်တိုအိတ်ချိန်း၌ အင်တာနက်လိုင်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်ထားမှုတို့ကို စစ်ဆေးပြီး သံတွဲစာတိုက်တွင် ဝန်ထမ်းများကို တွေ့ဆုံကာ GSM/ BTS စခန်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငပလီစာတိုက်လုပ်ငန်း၊ ငပလီဟိုတယ်ဇုန်၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ မိုဘိုင်းရေဒီယိုစခန်းများ၊ MSAN အိတ်ချိန်းများ တည်ဆောက်တပ်ဆင်ပြီးစီးမှု၊ ငပလီရွှေဝါချိုင် KY-1000 အိတ်ချိန်းအား MSAN အိတ်ချိန်းဖြင့် အစားထိုးနိုင်ရေးနှင့် GSM/BTS စခန်းအား 2G မှ 3G သို့ အဆင့်မြှင့်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## မြန်မာနိုင်ငံ ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပါမောက္ခဆရာကြီး ဦးဝီလျံပေါ အမှတ်တရဆုနှင့် အခြားဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၆ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီးမြေပဒေသာကျွန်းရှိ Dolphin Restaurant ၌ ကျင်းပမည်ဖြစ်ရာ ဝါဏိဇ္ဇဘွဲ့ရများအားလုံး တက်ရောက်နိုင်ကြောင်းနှင့် ဦးမိုးကျော်(အတွင်းရေးမှူး) ဖုန်း ၀၉-၅၁၅၄၅၇၄၊ ဦးကျော်အောင်(ပြန်ကြားရေးမှူး) ဖုန်း ၀၉-၅၀၂၆၄၅၀၊ ၀၉-၇၃၁၂၄၂၂၂၊ ဦးကျော်ထွန်းအောင်(တွဲဖက်ပြန်ကြားရေးမှူး) ဖုန်း ၀၉-၅၀၈၁၃၄၆ တို့သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၁၃-၁-၂၀၁၅ (အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၀ | အဖွင့်<br>-လွင်မိုးခရီးသွားနေသည်<br>(မြိတ်ကျွန်းစုများဆီသို့)(အပိုင်း-၂) |
| ၆း၃၀ | အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ<br>(အပိုင်း-၃) |
| ၆း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>“ဒဏ္ဍာရီထဲကတေးကဗျာ”<br>(အပိုင်း-၉) |
| ၇း၂၀ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ<br>(ဝတ်မှုံရွှေရည်) |
| ၇း၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>“ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်”<br>(အပိုင်း-၁၇) |
| ၈း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ<br>“ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်”<br>(အပိုင်း-၁၈) |
| ၉း၂၀ | တေးဂီတအစီအစဉ်<br>(စတီရီယို) |
| ၉း၃၀ | ပြည်သူ့နီတိ<br>“ပွဲညွှန့်” |
| ၉း၅၀ | ASEAN China Cultural Show |
| ၁၀း၀၅ | မြန်မာဗီဒီယိုဇာတ်လမ်း<br>“ပြောင်းပြန်ရိုက်ချက်”<br>(လူမင်း၊ ရေဗက္ကာဝင်း)<br>(ဒါရိုက်တာ-မိုက်တီး) |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

### ❍ ကော့သောင်းမှ

အဆိုပါ သင်္ဘောသည် မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်ရာ ယခုခရီးစဉ်၌ ကော့သောင်းမြို့အနီး လှပသာယာသည့် ကျွန်းများသို့ ခရီးသည် ၁၄၅ ဦးတင်ဆောင်ကာ ဝင်ရောက်လည်ပတ်ခြင်းဖြစ်သည်။ ၎င်းသင်္ဘောသည် မြိတ်ကျွန်းစုများမှတစ်ဆင့် ရန်ကုန်မြို့အထိ သွားရောက်လည်ပတ် မည်ဖြစ်ကြောင်းသိရှိရသည်။

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုမြှင့်တင်နိုင်ရန် အခြေခံကောင်းများရရှိသည်ဟု ယုံကြည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ခင်မင်ရင်းနှီးသော အိမ်နီးချင်းမိတ်ဆွေဖြစ်၍ ဆက်ဆံရေးကို အလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအပေါ်မှာလည်း မူတည်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့တွင် အထောက်အကူပြုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတပ်မတော်အနေဖြင့်လည်း ထိုင်းတပ်မတော်၏ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီပေးရန်အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံတည်ငြိမ်အေးချမ်းမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးခိုင်မာမှုအပေါ် မူတည်ပါကြောင်း၊ အလားတူ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးရေး၊ အကြမ်းဖက်မှုကာကွယ်ရေးကိစ္စရပ်များတွင်လည်း မိမိတို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများသည် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သက်ဆိုင်ရာနယ်ပယ်အလိုက်လည်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်စေလိုကြောင်း၊ ယခုခရီးစဉ် ဆွေးနွေးမှုရလဒ်များသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုမြှင့်တင်နိုင်ရန် အခြေခံကောင်းများရရှိသည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvanich နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Treetod Sonjance တို့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှငွေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvanich နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Treetod Sonjance တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata၊ ထိုင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံရေတပ်စစ်သံမှူးနှင့် လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်အဆင့်အသီးသီးတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးစေလွှတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးရေး၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေးနှင့် တရားမဝင်ငါးဖမ်းလှေကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**

# ကလေးငယ်များကို ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်မှ နိုင်ငံအတွက် အားကိုးနိုင်သော လူတော် လူကောင်းများဖြစ်မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဇန်နဝါရီ ၆ ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် သူငွေးကုန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း ပညာရေးစုံညီပွဲတော်များသို့ တက်ရောက်အားပေးချီးမြှင့်ပြီး လူငယ်အားကစားပြိုင်ပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ပညာရေးစုံညီပွဲတော်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိဘများအနေဖြင့်လည်း သားသမီးများကို ကျောင်းသို့လွှတ်ပြီး ဆရာမထံသို့ အပ်နှံရုံဖြင့် မရပါကြောင်း၊ ပညာရေးစုံညီပွဲတော်ဆိုသည်မှာ မိမိတို့သားသမီးများ၏အခြေအနေကို ဆရာဆရာမများနှင့်တွေ့ဆုံ၍ မျက်နှာချင်းဆိုင်ဆွေးနွေးကြရမည်ဖြစ်ပြီး သားသမီးများ၏ အခြေအနေမှန်ကို သိရှိနေအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ မိဘ၊ ဆရာများ မျက်နှာစုံညီ ဆွေးနွေးနိုင်အောင် ပညာရေးစုံညီပွဲတော်ကို ကျင်းပပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏သားသမီးများသည် ပညာရေးဘက်တွင်လည်း မထူးချွန်၊ အားကစားဘက်တွင်လည်း ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိပါက မိသားစုအတွက်၊ မြို့နယ်အတွက်၊ တိုင်းပြည်အတွက်၊ လူမျိုးအတွက် အင်အားတစ်ခုဆုံးရှုံးပါကြောင်း၊ မိမိတို့၏ ကလေးငယ်များကို ငယ်စဉ်ကတည်းက သေချာလေ့ကျင့်ပျိုးထောင်မှသာ ကြီးပြင်းလာသည့်အခါ နိုင်ငံအတွက်၊ မြို့နယ်အတွက် မိသားစုအတွက် အားကိုးနိုင်သော လူတော် လူကောင်းလေးများ ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ကြိုးစားဆောင်ရွက်ခြင်းကသာ မိမိတို့ရည်မှန်းသည့်ပန်းတိုင်သို့ရောက်အောင် တွန်းပို့ပေးနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဆုရကျောင်းသားကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ပြီး မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် အလယ်သောင်ကျေးရွာအုပ်စု သူငွေးကုန်းကျေးရွာသို့ရောက်ရှိရာ အလှူရှင် ဦးသန့်စင်နှင့် သုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းအေးတို့ ဆောက်လုပ်လှူဒါန်းသည့် (၁၆) ခုတင်ဆံ့ သူငွေးကုန်းရွာ တိုက်နယ်ဆေးရုံ ပင်မဆောင်၊ ဆရာဝန်များအတွက် နှစ်ခန်းတွဲနေအိမ်၊ သူနာပြုများနေထိုင်ရန်နှင့် ဆေးသိုလှောင်ခန်းအတွက် တည်ဆောက်ထားသော ၁၀ ခန်းတွဲ လိုင်းခန်းဆောက်လုပ်ပြီးစီးမှုနှင့် ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် သူငွေးကုန်း အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထိုအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေသခံများအနေဖြင့် မိမိတို့ တွေးခေါ်သည့် အတွေးအခေါ်၊ အယူအဆများ မှန်ကန်ရန်လိုအပ်ပြီး ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အတွက် ကိုယ်ချင်းစာတရား၊ ကောင်းမြတ်သောစိတ်ထားဖြင့် ရိုင်းပင်းကူညီသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ မိမိနှင့် မိမိတို့၏ သားစဉ်မြေးဆက်များသမိုင်းသည် ကောင်းမွန်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေ ကျပ်သိန်း ၃၅၀ ဖြင့် ဆောက်လုပ်လျက်ရှိသည့် ပေ (၃၀ × ၁၅၀) ရှိ ကုန်းတလင်း အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခိုင်ခံ့ကောင်းမွန်ရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မအူပင်(တောင်) တွင်းအမှတ် (၇)မှ လေဆီနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

# မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေတွင် တွင်း ၁၃ တွင်း တူးဖော်ထုတ်လုပ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းတူးဖော်ပြီးစီးခဲ့သည့် ပေနက်တွင်းသစ် အမှတ်(၅)မှ လေဆီ ၃၆ စည်နှင့် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၃ ကုဗပေသန်း ထုတ်လုပ်နေမှု၊ တွင်းဟောင်း အမှတ် (၇)အား သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်း ပြုလုပ်ပြီး လေဆီ ၂၈ စည်နှင့် သဘာဝဓာတ်ငွေ့ ၂ ဒသမ ၃ ကုဗပေသန်း တိုးတက်ထုတ်လုပ်နေမှုတို့ကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဇန်နဝါရီ ၁၀ ရက်ကစစ်ဆေးခဲ့ပြီး ယခုကဲ့သို့ ထုတ်လုပ်မှုတိုးတက်အောင် တွင်းများအား အောင်မြင်စွာတူးဖော်ဆောင်ရွက်ပေးခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့သည်။

ထို့နောက် တွင်းသစ်အမှတ်(၉) တူးဖော်နေမှုနှင့် တွင်းသစ်အမှတ် (၁၀) တူးဖော်ရန် တွင်းတူးစက်ရွှေ့ပြောင်းတပ်ဆင်နေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး ယခုပွင့်လင်းရာသီအတွင်း တွင်းသစ်များ ဆက်လက်တူးဖော်ရန် လျာထားသည့်အစီအစဉ်အတိုင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အောင်မြင်အောင်တူးဖော်ပြီးစီးနိုင်ရေး ပိုမိုအားစိုက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ အများပြည်သူပို့ဆောင်ရေးမော်တော်ယာဉ်များတွင် အသုံးပြုနေသည့် စီအင်န်ဂျီ၊ ညောင်တုန်းဓာတ်ငွေ့ရည်စက်ရုံ၊ မှော်ဘီနှင့် ပုသိမ်မြို့တို့ရှိ ယူရီးယားဓာတ်မြေဩဇာစက်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏ တောင်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာတွင်ရှိသည့် မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေအား ၂၀၀၇ ခုနှစ် ဧပြီလတွင် မအူပင်(တောင်) တွင်းအမှတ် (၁)မှ သဘာဝဓာတ်ငွေ့စတင်စမ်းသပ်ထုတ်လုပ်နိုင်ခြင်းဖြင့် တွေ့ရှိခဲ့သည်။ အကဲဖြတ်တွင်းနှင့် ဖွံ့ဖြိုးရေးတွင်းများ စနစ်တကျဆက်လက်တူးဖော်ထုတ်လုပ်ခဲ့ရာ တွင်းပေါင်း ၁၃ တွင်း တူးဖော်ခဲ့ပြီး လက်ရှိကာလတွင် တွင်းလေးတွင်းမှ နေ့စဉ်လေဆီ ၆၈ စည်နှင့် သဘာဝဓာတ်ငွေ့ ၁၀ ဒသမ ၈၀၃ ကုဗပေသန်း ထုတ်လုပ်ပေးလျက်ရှိသည်။ **(ကြေးမုံ)**

# ကွမ်းလုံမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့နယ် ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကတ်တူ၊ နမ့်ယုတ်၊ ပန်ခေါင်နှင့် လိုင်ဂျူကျေးရွာများမှ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ ၁၁၆ ဦးတို့အား မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအလိုက် နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **အေးသန်း(လူထုဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။



# မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံနှင့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ့လယ်ယာထွက်ကုန်များကို ဂျပန်နိုင်ငံနှင့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ**(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဂျပန်နိုင်ငံ Kyoka-shokuhin Co.,Ltd. ဥက္ကဋ္ဌ၊ Retail Branding Co.,Ltd. ဥက္ကဋ္ဌ၊ Shin Shin Co.,Ltd. ဥက္ကဋ္ဌ၊ Logitem Myanmar Co.,Ltd. ဥက္ကဋ္ဌနှင့် CYC Management Co.,Ltd. ဥက္ကဋ္ဌတို့က ဂျပန်နိုင်ငံအခြေစိုက် Myanmar Agro Foods Co.,Ltd. မှ နေပြည်တော်ကို ဗဟိုပြု၍ ခေတ်မီအအေးခဲစနစ်၊ ခေတ်မီအခြောက်ခံစနစ်၊ ခေတ်မီထုပ်ပိုး စနစ်များပါဝင်သော အဆင့်မြင့်လယ်ယာထွက်ကုန် စက်ရုံအား ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း လိုအပ်သောကုန်ကြမ်းများကို နေပြည်တော်ရှိ ကျေးရွာများနှင့် ကန်ထရိုက်စိုက်ပျိုးရေးစနစ် ထူထောင်ကာ လယ်ယာထွက်ကုန်သီးနှံများကို ဝယ်ယူ၍ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချသွားရေးနှင့် နှစ်စဉ်လယ်ယာထွက်ကုန် တန်ချိန် ၅၀၀၀ ကို အရည်အသွေး အဆင့်မြင့်တင်ပြီး ဂျပန်နိုင်ငံ၏ လက်ကားဈေးကွက်သို့ ၂၀၁၅ ခုနှစ်အတွင်း တင်ပို့ရောင်းချနိုင်ရေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်လုပ်ငန်းရှင်များသည် ဥတ္တရသီရိမြို့နယ်ရှိ ဧက ၉၀၀ စိုက်ကွင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံခြံများနှင့် အရောင်းပြခန်း၊ ကညွတ်နှင့်နာနတ် ရောနှောစိုက်ခင်း၊ ကြံမျိုးသန့် မျိုးပွားစိုက်ခင်း၊ ရွှေတောင်(၈)နှင့် ငွေချည်(၉)ချည်မျှင်ရှည် ဝါသီးနှံစိုက်ခင်း၊ စင်တင်ဘူးစိုက်ခင်း၊ ခရမ်းချဉ်စိုက်ခင်းနှင့် ကညွတ်စိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် သခွားမွှေးစိုက်ခင်း၊ ကြက်ဟင်းခါးသီးစိုက်ခင်း၊ ခေတ်မီအအေးခန်းသိုလှောင်ရုံ၊ သဘော်သီးစိုက်ခင်း၊ ကန်စွန်းစိုက်ခင်း၊ သခွားမွှေးစိုက်ခင်း၊ ဂေါ်ရခါးသီးစိုက်ခင်း၊ ခရမ်းချဉ်သီးစိုက်ခင်း၊ ဖရဲသီးစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အရောင်းဆိုင်တို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**








# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ တွင် ဆက်သွယ်ရေးအရာရှိများအဖြစ် တာဝန်ပေးအပ်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ လက်ခံကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ တွင် အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအတွက် ဆက်သွယ်ရေး အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ရန် နေပြည်တော်အားကစားရွာ၌ စခန်းသွင်းလေ့ကျင့်နေသော ကျောင်းသား ကျောင်းသူများအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံ၍ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ သည် (၃၄) ကြိမ်မြောက်ကျင်းပမည့် ဖိုရမ်တစ်ခုဖြစ်ပြီး အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အပါအဝင် အာဆီယံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့ အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းပြပွဲများပါ ပါဝင်မည်ဖြစ်ပါကြောင်း၊ အဆိုပါဖိုရမ်နှင့် အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် လေ့ကျင့်မှုကာလအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၏ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးမှုများအပေါ် သေချာစွာလေ့လာ မှတ်သားကြစေလိုပါကြောင်း၊ သင်တန်းတာဝန်ခံများနှင့် အုပ်ချုပ်သူ ဆရာမများက ချမှတ်ထားသော စည်းကမ်းပိုင်းဆိုင်ရာများကို လိုက်နာကြစေလိုပါကြောင်း၊ လူငယ်ကျောင်းသားများပီပီ ခရီးသွားလုပ်ငန်းဆိုင်ရာ နယ်ပယ်၌ အမှန်လိုအပ်သည့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာဘာသာရပ်များအပြင် ပင်မဘာသာရပ်ကိုပါ ကြိုးစားလေ့လာသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(ကြေးမုံ)**



## နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး



# လေးစားအတုယူသင့်သော ပင်တိုင်ဆောင်းပါးရှင်ကြီးများ

ဦးဟန်ညွန့်(ဥပဒေ)

**စာတည်းများနှင့်တွေ့ဆုံခြင်း**

တစ်နေ့က စာတည်းများ၊ သတင်းထောက်များနှင့် တွေ့ဆုံကြသည်။ သတင်းမီဒီယာ မွမ်းမံသင်တန်းဖြစ်ပါသည်။ ကျောင်းဆရာနှင့်တပည့် စာသင်ခန်းမှာ ပညာသင်ကြားသည့်ပုံစံ မဟုတ်ပါ။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်တာ ဆွေးနွေးကြပါ။ သတင်းမီဒီယာဥပဒေအကြောင်း အပ်ကြောင်းထပ်နေပြီမို့ လေးစားအတုယူသင့်သော အယ်ဒီတာကြီးများ (စာတည်းကြီးများ)၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ပင်တိုင်ဆောင်းပါးရှင်ကြီးများအကြောင်း ပြောပြသည်။ လူငယ်ပေါက်စ စာတည်းများဖြစ်ကြ၍ ရှေးခေတ်ဟောင်းက သတင်းစာဆရာကြီးများကို နာမည်ပင် ကြားဖူးပါမည်လား။ ကျွန်တော်စိတ်ပူသည်။ ထို့ကြောင့် ဤစာရေးခြင်းဖြစ်ပါသည်။

**သတင်းစာသမိုင်း**

**ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ၏ နောက်ခံသမိုင်း(အကျဉ်းမျှ)ကိုတော့ သူတို့လူငယ်တွေသိကြ၍ တော်သေးသည်။ အချို့လည်း အလွတ်ကျက်ထားဟန်တူသည်။မဝေးလှသောအတိတ်ကို ပြန်ပြောရင်း သတင်းစာခေါင်းကြီးပိုင်း ရေးပုံရေးနည်း ဆွေးနွေးကြသေးသည်။ အတွေ့အကြုံအချို့ အောက်မေ့သတိရသည်။**

**ခေါင်းကြီးပိုင်း**

အိမ်တစ်အိမ်၊ တိုက်တစ်တိုက်၊ အခန်းတစ်ခန်း၌ အမွန်အမြတ်ထားသည့် နေရာရှိစမြဲ၊ သတင်းစာမှာလည်း အရေးအကြီးဆုံး အခန်းကဏ္ဍရှိသည်။ **ခေါင်းကြီးပိုင်း**ဖြစ်ပါသည်။ စာဖတ်သူတိုင်း မျက်စိကျသော၊ ဂရုမူသော၊ မူဝါဒကို ဖော်ဆောင်သော ခေါင်းကြီးပိုင်းဖြစ်ပါပေသည်။

**ခေါင်းကြီးပိုင်းရေးသူ၏ အရည်အချင်း**

သတင်းစာခေါင်းကြီးပိုင်းရေးသူသည်-

(၁) ဘက်စုံကျွမ်းကျင်သူ

(၂) စာဖတ်အား ကောင်းသူ

(၃) အကြားအမြင်၊ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝသူ

(၄) စာဖတ်သူ၏စိတ်ကို ဆွဲဆောင်အားအပြည့် ဖန်ဆင်းနိုင်သူ

(၅) ဘက်လိုက်ခြင်းကင်း၍ သမာသမတ်ကျသူ ဖြစ်သင့်ကြောင်း ကွယ်လွန်သူ ဆရာကြီး ဦးကြည်ညွန့် (မြန်မာ့အလင်း စာတည်းမှူးချုပ်)က ပြောဖူး၊ ရေးဖူးလေသည်။

**ငယ်ဆရာ ဦးလေးလှ(လူထုဦးလှ)**

အထက်တန်း(ဆယ်တန်းကျောင်းသား)ဘဝတွင် "ကျောင်းသားသတင်းထောက်"ဖြစ်အောင် ကျွန်တော့်အား သင်ကြားပေးခဲ့သော ငယ်ဆရာဦးလေးလှ (သတင်းစာ ဆရာကြီး လူထုဦးလှ)ကို လွမ်းဆွတ်သတိရမိပါသည်။ ယနေ့လူငယ်စာတည်းပေါက်စများ၊ သတင်းထောက်ပေါက်စများကို ဆရာကြီးလူထုဦးလှအကြောင်း ပြောပြရပါသည်။ ခေါင်းကြီးပိုင်းရေးသူအဖြစ်ရော ပင်တိုင်ဆောင်းပါးရှင် ရေးသူအဖြစ်ပါအားကျစရာ၊ ဂုဏ်ယူစရာ၊ မှတ်သားစရာ၊ လေ့လာစရာများကို ကိုယ်တွေ့ပြောပြရပါသည်။ လူထုသတင်းစာ၏ တစ်ခေတ်တစ်ခါက ထွန်းတောက်ပေါက်မြောက် အောင်မြင်ခဲ့ပုံများကိုဖောက်သည်ချပြပါသည်။ တာဝန်အရ စာတည်းမလုပ်ဖို့၊ ဝါသနာပါသော စာတည်းဖြစ်ဖို့ ကျွန်တော်မေတ္တာရပ်ခံပါသည်။ လခစားစာတည်းစိတ် မမွေးဖို့လည်း ပြောခဲ့ပါသည်။

**ကျွန်မရေးတဲ့ သူ့ဘဝ လူထုဦးလှ**

အန်တီမာ(သတင်းစာဆရာမကြီး လူထုဒေါ်အမာ) ရေးသော "ကျွန်မရေးတဲ့ သူ့ဘဝ လူထုဦးလှ" စာအုပ် (လူထုဦးလှနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်)ကို အမျိုးသမီးစာတည်းပေါက်စတွေ (ထိုနေ့က သင်တန်းတွင် အမျိုးသားများထက် အမျိုးသမီးများ အရေအတွက် ပို၍များနေသည်တွေ့ရ) ရှာပြီး ဖတ်ကြပါ။ ဦးလေးလှနှင့် အန်တီမာတို့ကို အားကျပါ။ ဂုဏ်ယူပါ။ စံပြုပါဟုလည်း ရှင်းပြခဲ့ပါသည်။သင်တန်းသူ စာတည်းမများငေး၍ တွေး၍နေရှာပြီ။

**ဦးလှနှင့် စာအုပ်စာပေ**

လူထုဦးလှအကြောင်းကို လူထုဒေါ်အမာက ဤသို့ ရေးခဲ့ပါသည်။ ဖတ်ကြည့်ပါဦး။

"ကိုယ်ကြိုက်နှစ်သက်တာ၊ ကိုယ်ဝါသနာပါတာကို တစ်သက်လုံး လုပ်သွားခွင့်ရတဲ့လူဟာ ကံကောင်းတဲ့ လူပဲလို့ လူ့ဘောင်မှာ သတ်မှတ်တယ်ဆိုရင် ဦးလှဟာ ကံကောင်းတဲ့သူပါ။ သူက စာရေးချင်တယ်။ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာထုတ်ဝေချင်တယ်။ ပြီးတော့ သူထုတ်ဝေတာတွေကို သူများဖတ်စေချင်တယ်။ ခင်မင်တဲ့ မိတ်ဆွေတွေကို စာအုပ်လက်ဆောင် ပေးချင်တယ်။ အဲဒီသူလုပ်ချင်တာတွေ အားလုံးကို သူ့တစ်သက်လုံး လုပ်သွားနိုင်သူပါပဲ။

လူထုဦးလှ စာပေနယ်ကို ပထမသူရိယသတင်းစာ၊ ညနေစျေးနှုန်း၊ သတင်းစာတို့မှာ သတင်းဆောင်းပါးဝင်ရေးပေးရင်း စဝင်တယ်။ ဒီလိုနဲ့ အရေးအသားလေ့ကျင့်တယ်။ သူဆယ်တန်းအောင်ခါစ အသက် (၁၉) နှစ်၊ ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝကတည်းက ကျောင်းမဂ္ဂဇင်းမှာစပြီး အရေးလေ့ကျင့်တာပါ။ ကျောင်းကထွက်တော့ သူရိယသတင်းထောက်ကြီး ဦးပုကလေးတို့လို သတင်းစာသမားတွေနဲ့ တွေ့ဆုံရင်းနှီးပြီး သတင်းစာအရေးအသားတွေ လေ့ကျင့်ခွင့်၊ ဝင်ရောက်ရေးသားခွင့်ရခဲ့တာပါ။

> **ပင်တိုင်ဆောင်းပါးရှင်တို့ကလည်း တာဝန်ရှိရှိ ကြိုးစားကြရပါသည်။ ပြည်သူတို့အပေါ်ထားရမည့် မိမိတာဝန်ကို အမြဲနှလုံးသွင်းထားရပါသည်။ ပင်တိုင်ဆောင်းပါးရှင်သည် ဟိုဟိုသည်သည်ကို မော့ကြည့်ကာ ငဲ့ကွက်ရသည်ထက် စာဖတ်ပရိသတ်ကို လှည့်ကြည့်ကာ ငဲ့ကွက်ရပါသည်။ တစ်စုံတစ်ရာကို ထင်မြင်ချက်၊ ဝေဖန်ချက် ပေးတော့မည်ဆိုလျှင် အများပြည်သူတို့ဘက်မှရပ်ပြီး ထင်မြင်ချက်၊ ဝေဖန်ချက်ပေးရန် ကြိုးစားကြရပါသည်။**

လူထုဦးလှထုတ်ဝေခဲ့ဖူးတဲ့ ကြီးပွားရေးမဂ္ဂဇင်းက စောင်ရေကောင်းတယ်။ မြတ်တဲ့စွန်းတဲ့ မဂ္ဂဇင်းတော့ ဖြစ်မလာဘူး။ စီးပွားရေးပုံစံနဲ့ လုပ်တာမဟုတ်လို့ပါ။

၁၉-၄-၁၉၄၆ နေ့မှာ လူထုသတင်းစာ စတင်ထုတ်ဝေခဲ့တယ်။ ကိုယ်က တရားမပျက်နဲ့။ ပြည်သူတွေ အကျိုးအတွက် ရေးသားဖော်ပြတယ်။ ဝေဖန်ရေးသားတယ်။ ဘယ်သူ့ကိုမှ ဝန်တိုမုန်းထားတဲ့ စေတနာနဲ့ ရေးတာမဟုတ်ဘူးဆိုတာ ထင်ရှားစေရမယ်. . . . တဲ့။

**ဆရာကြီး ဦးသိန်းဖေမြင့်**

**ဆရာကြီး လူထုဦးလှ၊ ဆရာမကြီး လူထုဒေါ်အမာတို့အကြောင်း မိတ်ဆက်ပေးပြီးနောက် ကျွန်တော့်၏ ငယ်ဆရာ ကျေးဇူးရှင် ဆရာကြီးဦးသိန်းဖေမြင့်အကြောင်း ပြောပြခဲ့ပါသေးသည်။ ဆရာကြီး ဦးသိန်းဖေမြင့်သည် ၁၉၁၄ ခုနှစ်တွင် မွေးဖွားသူပါ။ ယနေ့ ၂၀၁၄ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်ပါပြီ။ ဆရာကြီးနှင့်ကျွန်တော်စတင်တွေ့ဆုံခဲ့ပုံကို သင်တန်းသားများအား ပြောပြပါသည်။**

**၁၉၆၇-၁၉၆၈ ရန်ကုန်တက္ကသိုလ်**

၁၉၆၇-၁၉၆၈ စာသင်နှစ်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ကျွန်တော်ဥပဒေပညာ သင်ယူခွင့်ရသည်။ ဥပဒေကျောင်းသားဘဝမှာ ဗိုလ်တထောင်သတင်းစာ၊ တက္ကသိုလ်ကျောင်းသား သတင်းထောက်ဖြစ်ခဲ့သည်။ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်လည်းဖြစ်၊ နောင်တွင် ပင်တိုင်ဆောင်းပါးရှင်လည်းဖြစ်သော ဆရာကြီး ဦးသိန်းဖေမြင့်၏တပည့် ဖြစ်ခွင့်ရသည်။ ဆောင်းပါးရေးနည်း၊ သတင်းရေးနည်း၊ ဟောပြောပုံ ဟောပြောနည်း၊ သတင်းစာပညာ အခြေခံသင်ယူခွင့်ရခဲ့သည်။ ခေါင်းကြီးပိုင်းရေးပုံ၊ ပွင့်ပွင့်လင်းလင်းပြောပါရစေ အခန်း၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဝေဖန်သုံးသပ်ချက်မှအစ လေ့လာသင်ယူခွင့်ရခဲ့သည်။ ကျွန်တော်အလွန်ကံကောင်းသည်။

**ပင်တိုင်ဆောင်းပါးရှင်**

"ပင်တိုင်ဆောင်းပါးရှင်တစ်ဦး၏ အတွေ့အကြုံ" ခေါင်းစဉ်ဖြင့် ဆရာကြီး ဦးသိန်းဖေမြင့်ကိုယ်တိုင်ရေးခဲ့သော ဆောင်းပါးမှာ အထူးထင်ရှားလှပါသည်။ယနေ့လူငယ်များ ဖတ်ဖူးစေချင်သည်။ ဖတ်ဖူးပြီးပါကလည်း ထပ်ကာထပ်ခါ ဖတ်ရှုစေချင်သည်။ လိုရင်းအချက်များကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြပါရစေ။ ။ ကျွန်တော် ပင်တိုင်ဆောင်းပါးရှင်ဖြစ်လာသည်မှာ ၁၀ နှစ်ရှိသွားပါပြီ။

ဗိုလ်တထောင်သတင်းစာကို ပြည်သူပိုင်သိမ်းလိုက်သောအခါ ကျွန်တော်အယ်ဒီတာချုပ် ဆက်မလုပ်တော့ပါ။ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာပြီး ကိုယ်ရေးချင်တာကို ကိုယ်ကြိုက်သော အချိန်မှာရေးနိုင်ရန် ကိုယ့်ထင်မြင်ချက်ကို(အယ်ဒီတာတို့ ခွင့်ပြုနိုင်သောဘောင်အတွင်းမှ) လွတ်လပ်စွာ ပေးနိုင်ရန် ပင်တိုင်ဆောင်းပါးရှင်အဖြစ်ဖြင့်ပင် ဆောင်ရွက်နေခဲ့ပါသည်။ သို့ဖြင့် တိုင်းပြည်အကျိုးကို အတော်အတန် ဆောင်ရွက်နိုင်ခဲ့သည်ဟု ထင်ပါ၏။

ပင်တိုင်ဆောင်းပါးရှင်မှာ အင်္ဂလိပ်လို Regular Colummist ကို ဘာသာပြန်ထားခြင်းဖြစ်၏။ သတင်းစာကော်လံတစ်ခု၊ နှစ်ခုကို အမြဲတမ်းအပိုင်စားရသောသဘောဖြစ်ပါ၏။

စာဖတ်ပရိသတ်အပေါ်တွင် ပင်တိုင်ဆောင်းပါးရှင်၏ ဩဇာကလည်း ကြီးလှသည်။ သတင်းစာခေါင်းကြီးသည် သူ့ဟာနှင့်သူ ဩဇာကြီးသည်မှာ မှန်၏။ သို့သော် စာဖတ်ပရိသတ်သည် ခေါင်းကြီးကို ဖတ်ရရုံဖြင့် အားမရ၊ ပင်တိုင်ဆောင်းပါးရှင်တို့၏ အာဘော်ကိုပါ ဖတ်ရမှ ကျေနပ်အားရသည်။ ပြဿနာတစ်ရပ်ပေါ်လျှင်ဘယ်သူကတော့ ဘယ်လိုဆိုတယ် စသည်ဖြင့် နှိုင်းယှဉ်ဝေဖန်ထည့်သွင်းစဉ်းစားကြသည်။

ပရိသတ်အပေါ်မှာ ဩဇာကြီးသည့်အတိုင်း ပင်တိုင်ဆောင်းပါးရှင်တို့ကလည်း တာဝန်ရှိရှိ ကြိုးစားကြရပါသည်။ ပြည်သူတို့အပေါ်ထားရမည့် မိမိတာဝန်ကို အမြဲနှလုံးသွင်းထားရပါသည်။ ပင်တိုင်ဆောင်းပါးရှင်သည် ဟိုဟိုသည်သည်ကို မော့ကြည့်ကာ ငဲ့ကွက်ရသည်ထက် စာဖတ်ပရိသတ်ကို လှည့်ကြည့်ကာ ငဲ့ကွက်ရပါသည်။ တစ်စုံတစ်ရာကို ထင်မြင်ချက်၊ ဝေဖန်ချက်ပေးတော့မည်ဆိုလျှင် အများပြည်သူတို့ဘက်မှရပ်ပြီး ထင်မြင်ချက်၊ ဝေဖန်ချက်ပေးရန် ကြိုးစားကြရပါသည်။ မိမိအာဘော်ဟု မိမိကိုယ်ကို သီးခြားကင်းလွတ်စွာထားပြီး ဖော်ထုတ်၍မရ။ မိမိအာဘော်ဟု ဆိုလင့်ကစား စာဖတ်ပရိသတ်များ (ဝါ)လုပ်သားပြည်သူတို့နှင့် တစ်သားတည်းထားကာ အာဘော်ကို ဖော်ပြရပါသည်။ ဤအချက်ကို ပင်တိုင်ဆောင်းပါးရှင်က မမေ့အပ်သလို ပင်တိုင်ဆောင်းပါးရှင်ကို စိစစ်ကြီးကြပ်အာဏာပိုင်သူတို့ကလည်း သတိပြုအပ်ပါသည်။ သို့မဟုတ်ပါက တိုင်းပြည်က အားထားနိုင်လောက်သော ပင်တိုင်ဆောင်းပါးရှင်များ မပေါ်ပေါက်နိုင်ပါ။

ဘာသာရပ်မျိုးစုံကို ရေးနိုင်ရန် ကျွန်တော်တို့၏ စိတ်ဝင်စားမှု၊ စိတ်ကိုင်းညွတ်မှုနှင့် ဝါသနာတို့သည် မျိုးစုံရပါသည်။ နေရာမျိုးစုံသွား၊ အစည်းအဝေးမျိုးစုံတက်၊ ပွဲမျိုးစုံကြည့်၊ အငြိမ်မနေရပါ။ စာမျိုးစုံကိုလည်း ဖတ်ရ၏။ အအားမနေရပါ။ ကျွန်တော်တို့၏ဘဝသည် စာပေသမားပညာရှိဘဝနှင့်မတူဘဲ နိုင်ငံရေးစည်းရုံးရေးသမားဘဝနှင့် ပိုမိုနီးစပ်ရပါသည်။

ကျွန်တော်တို့ရေးလိုက်သော စာများကို နေ့စဉ်နှင့်အမျှ စာဖတ်ပရိသတ်ထောင်ပေါင်းများစွာက စောင့်ဖတ်နေကြသည်။ ကျွန်တော်တို့၏ စာများက အနည်းနှင့်အများ အမြဲတမ်းဂယက်ရိုက်နေသည်။

ကျွန်တော်တို့အာဘော်ကို လူကြိုက်ဘယ်လောက်များများ မကြိုက်သူကတော့ ရှိမြဲပင်။ ထို့အတူ မကြိုက်သူ ဘယ်လောက်များများ ကြိုက်သူကတော့ ရှိမြဲပင်။ စာဖတ်ပရိသတ်၏တုံ့ပြန်ချက်ကလည်း မြန်သည်။

**၁၉၇၄ ခုနှစ် ဒီဇင်ဘာလထုတ် ဆရာကြီးဦးသိန်းဖေမြင့်၏ "ပြည်သူတို့၏ စကားပြန်"စာအုပ်မှ ကောက်နုတ်ချက်များ**

**နမူနာယူသင့်**

ဆရာကြီး ဦးသိန်းဖေမြင့်၏ အထက်ပါဆောင်းပါးကို ဖတ်ကြည့်လျှင် ပင်တိုင်ဆောင်းပါးရှင်တစ်ဦး၏ ဘဝကို အတော်အတန်သိကြပါမည်။ ယနေ့ခေတ်လူငယ်တွေသည် ခေတ်မီကြသည်၊ အတွေးအခေါ်ထက်မြက်ကြသည်၊ စာဖတ်အားတော့ နည်းသည်ဟု ကျွန်တော်ထင်သည်။ Facebook လည်းဖတ်ကြပါ။ အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ဆိုရိုးကဲ့သို့ပင် ထုံးဟောင်းတွေလည်း လေ့လာသင့်ပါသည်။ နမူနာယူသင့်ပါသည်။

**အင်္ဂလိပ်စာ ကျွမ်းကျင်ပါ**

နိုင်ငံတကာနှင့်ဆက်ဆံရသော ယနေ့ချိန်ခါမှာ အင်္ဂလိပ်စာကျွမ်းကျင်ဖို့ အရေးကြီးလာပြီ။ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေ ပေါင်းစပ်နိုင်ဖို့ နောက်မကျဖို့ ရင်ပေါင်တန်းနိုင်ဖို့ လူငယ်စာတည်းတွေ၊ လူငယ်သတင်းထောက်တွေ ကြိုးပမ်းကြပါ။ သာမန်အဆင့်ထက်ကျော်မှ တော်မှဖြစ်မည်။ လက်ဖက်ရည်ဆိုင်မှာ အချိန်ကုန်မည်လား၊ ဘီယာဆိုင်မှာ အချိန်ဖြုန်းမည်လား၊ စာကြည့်တိုက်တွေရောက်ရဲ့လား၊ ဖတ်ရဲ့လား၊ မှတ်ရဲ့လား၊ ကမ္ဘာသိအောင် ကြံဆောင်မည်လား၊ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ထိုးထွက်ပစ်မှ ဖြစ်တော့မည်။

**လူကြီးတွေနှင့်လူငယ်တွေ**

အဘိုးကြီး၊ လူကြီးတွေကို၊ လူငယ်တွေက အထင်သေးတတ်ကြသည်။ လူငယ်တွေ တက်ကြွသည်၊ သစ်လွင်သည်၊ အကင်းပါးသည်ကို လက်ခံပါသည်။ ငြင်းစရာမလိုပါဘူး။ သို့သော် အဘိုးကြီး၊ လူကြီးတွေလောက်တော့ အတွေ့အကြုံ မစုံသေး။ ဆိုးတာလည်းရှိ၊ ကောင်းတာလည်းရှိ၊ ကောင်းတာမှန်သမျှကိုမူ လက်ဆင့်ကမ်းရမည်။ ယူတတ်ရမည်။ သတင်းစာပညာကလည်း ကျယ်ပြောလှပေသည်။ ဆရာကြီး လူထုဦးလှ၊ ဒေါ်အမာ၊ ဆရာကြီး ဦးသိန်းဖေမြင့်တို့မှာ ဥပမာနမူနာ သတင်းစာဆရာကြီးများအဖြစ် ထုတ်နုတ်ပြတာပါ။ စံပြုပုဂ္ဂိုလ်တွေ အများကြီးကျန်သေးသည်။

**အများပြည်သူဗဟိုပြု**

ကိုယ့်အလုပ်၊ ကိုယ့်သတင်းစာ၊ ကိုယ့်အတတ်ပညာသည် ဘယ်သူ့အတွက်လဲ။ အများပြည်သူအတွက်။ ထက်ထက်မြက်မြက်ဖြစ်ရမည်။ အပြစ်အနာအဆာကင်းရမည်။ အမှားကို ဝန်ခံရဲရမည်။ လူထုကြားထဲမှာ အဖြေရှာတတ်ရမည်။ ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင်ဖြစ်သည်။ စာဖတ်ပရိသတ်က အမြဲစောင့်ကြည့်နေသည်။ "သတိပြု" ဟု ကျွန်တော်ဆွေးနွေးခဲ့သည်။ ပြီးပြည့်စုံသည်ဟုတော့ မမှတ်ယူသင့်။ အကောင်းဆုံးဖြစ်ဖို့သာ ကြိုးစားရဦးမည်။

**ဘယ်ရာထူးနှင့်မျှ မလဲနိုင်**

**သတင်းထောက်အလုပ်ကို ဘယ်ရာထူးနှင့်မျှမလဲနိုင်။ အယ်ဒီတာ(စာတည်း)အလုပ်ကို ဘယ်တာဝန်နှင့်မျှ မလဲနိုင်။ မြတ်နိုးသည်၊ ဂုဏ်ယူသည်၊ ဝါသနာထုံသည်။ ဆင်းရဲ ဆင်းရဲ၊ ချမ်းသာ ချမ်းသာ ဘယ်အခါမှ နောင်တမရ၊ ဘဝ၏ အလင်းရောင်သည် သတင်းအလုပ်၊ ကြိုးကုတ်အားထုတ်ရသော သတင်းမီဒီယာအပေါ် ထာဝရသစ္စာတည်ပါသည်။ အိပ်ရေးပျက်သော မီဒီယာ၊ ထမင်းနပ်မမှန်သော မီဒီယာ၊ အမြဲသစ်လွင်ဆန်းသစ်နေသော မီဒီယာ၊ ပြည်သူ့အတွက် အချိန်ပြည့် တာဝန်ယူနေသော မီဒီယာကို ယနေ့လူငယ်တို့ စိတ်ဝင်စားလာကြသည်။ သမိုင်းအမွေဆက်ခံပေသည်။**

**တင်ပြချက်**

(၁) အဘိုးကြီး၊ အဘွားကြီး သတင်းစာဆရာကြီးတွေမှာ သေသူသေ၊ အိုသူအို၊ နာသူနာ၊ ခရီးသည်များပမာ--။

(၂) လူငယ်မျိုးဆက်သစ် မီဒီယာသတင်းသမားများကို အားထားပါရစေ။ ခရီးဆက်နိုင်ကြပါစေ။

(၃) လေးစားအတုယူ စံပြုနိုင်ကြပါစေကြောင်း--။ ။

ပြည်တွင်းရေးရာ

# ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အပစ်အခတ်ရပ်စဲရေးအတွက်လည်း တော်တော်လေးခရီးရောက်နေပါပြီ

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ အပစ်အခတ်ရပ်စဲရေးကို ခြွင်းချက်မရှိ အကောင်အထည်ဖော်ဖို့ ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

**နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား ကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်က နိုင်ငံတော်သမ္မတအိမ်တော် ဋ္ဌေဝါခန်းမ၌ကျင်းပရာ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူအချို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးခွန်သန်းမြင့်**
**(ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး-ကရင်ပြည်နယ်)**

"အခုဆွေးနွေးပွဲက ပထမအကြိမ်ပါ။ အားလုံးကလည်း တိုင်းပြည်ကောင်းစားဖို့ပဲ ဘုံရည်မှန်းချက်ထားပြီး သဘောထားဆွေးနွေးခဲ့ကြတယ်။ တိုင်းရင်းသားဝန်ကြီး ၂၉ ဦး ဆုံဖို့ကလည်း မလွယ်ဘူး။ ခေါင်းဆောင်တွေ စုံစုံလင်လင်နဲ့ဆွေးနွေးတာ ဒါပထမအကြိမ်ပဲ။ နောက်ထပ် ပါသင့်ပါထိုက်တဲ့လူတွေအားလုံး ပါဝင်တဲ့နိုင်ငံရေး ဆွေးနွေးပွဲတစ်ရပ် ထပ်လုပ်ဦးမှာပါ။ အဲဒါကလည်း သမ္မတကြီးအနေနဲ့ ဒီနိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပါဝင်ဖို့ ဆန္ဒရှိနေတာပါ။ အခုကတော့ ၄၈ ဦးပါ။ ပိုပြီး စုံစုံလင်လင်ဖြစ်သွားအောင်ပါသင့်ပါထိုက်တဲ့ တိုင်းဒေသကြီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခြောက်ခုက ဥက္ကဋ္ဌတွေကိုလည်း ဖိတ်ဖို့ရှိပါတယ်။ ဘယ်အချိန်တွေ့မလဲဆိုတော့ သင့်တော်တဲ့အချိန်ပေါ့။ အဲဒီလိုလည်း ဆွေးနွေးပွဲမှာ ဆုံးဖြတ်ထားပါတယ်။ အခြေခံဥပဒေပြင်ဆင်ဖို့ဆိုတာတွေလည်း လွှတ်တော်မှာ ဆွေးနွေးတယ်လေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ပြောပါတယ်။ ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီ သက်တမ်းနုနေသေးတော့ အဆင့်တိုင်း အဆင့်တိုင်းမှာ သတိထားပြီးတော့ ပြောင်းလဲရမှာပါ။ ကျွန်တော်တို့နိုင်ငံနဲ့ အလားတူအရှေ့အလယ်ပိုင်းမှာဆို အာရပ်နွေဦးက အရင်ဆုံးပြောင်းလဲခဲ့တာပဲ။ သူတို့နိုင်ငံမှာလို ပြောင်းလဲမှုမျိုးမဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံက ညင်ညင်သာသာနဲ့ ပြောင်းလဲတာလေ။ အဲဒါကြောင့် ကမ္ဘာကလည်း ချီးကျူးခဲ့တာပါ။ ဒါဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားချက်တစ်ခုပါ။ ဘာကြောင့်လဲဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့်ပါ။ ဒ့ါအပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အပစ်အခတ်ရပ်စဲရေးအတွက်လည်း တော်တော်လေးခရီးရောက်နေပါပြီ။ သမ္မတကြီးရဲ့ ရည်မှန်းချက်ကတော့ လာမယ့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို သမိုင်းဝင်ဖြစ်အောင် အဲဒီနေ့မှာ လက်မှတ်ရေးထိုးနိုင်အောင် ကြိုးစားနေပါတယ်။ ဖြစ်အောင်လည်း ကြိုးစားနေတယ်။ ဖြစ်ဖို့လည်း ယုံကြည်ပါတယ်။ အဲဒီမှာ ဆွေးနွေးပွဲအောင်မြင်ဖို့အတွက် တတိယလူ ကြားလူပေါ့။ ဟိုအဖွဲ့ကိုလည်းတွေ့မယ်၊ ဒီအဖွဲ့ကိုလည်း တွေ့မယ်ဆိုတဲ့ တတိယအဖွဲ့တစ်ခုဖွဲ့ဖို့လည်း ဆွေးနွေးခဲ့ကြပါတယ်။ ဟိုတစ်ချိန်ကလိုပဲ သမိုင်းဝင်နေ့မှာ သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်အောင် ကြိုးစားနေတာပါ။ ဒါတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။ လွတ်လပ်ပြီး တရားမျှတဖို့ ဆိုတာလည်း ၂၀၁၅ ရွေးကောက်ပွဲမှာ ဒါဟာလည်း အချက်တစ်ချက်ပေါ့။ တည်ငြိမ်အေးချမ်းဖို့နဲ့ တရားဥပဒေစိုးမိုးဖို့လည်း အရေးကြီးပါတယ်။ တရားမျှတမှုရှိမှသာ သာတူညီမျှမှုရှိမှာလေ။ အဲဒါကလည်း အားလုံးမှာ တာဝန်ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေရော၊ ပါတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်တွေရော၊ ပြည်သူတွေရော အသိရှိရှိနဲ့ ပါဝင်သွားမယ်ဆိုရင် ၂၀၁၅ ရွေးကောက်ပွဲဟာ တရားမျှတပြီး အောင်မြင်စွာပြီးဆုံးသွားမှာပါ။ အဲဒါတွေလည်း ဆွေးနွေးခဲ့ကြပါတယ်။ အခုဆွေးနွေးခဲ့ကြတဲ့ ဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီးလည်း ကျေနပ်အားရမှု ရှိပါတယ်"။



ဦးခွန်သန်းမြင့်



ဦးနိုင်ချစ်ဦး



ဒေါက်တာ မင်းနွယ်စိုး

**ဦးနိုင်ချစ်ဦး**
**(မွန်တိုင်းရင်းသားရေးရာဝန်ကြီး-ကရင်ပြည်နယ်)**

"ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပေါ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဆိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ကျင်းပနိုင်ဖို့ လွတ်လပ်ပြီး တရားမျှတတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွေ ကျင်းပနိုင်ရေးနဲ့ ညင်သာတဲ့ အသွင်ကူးပြောင်းမှုနိုင်ငံရေး လုပ်ငန်းစဉ်ပေါ် ပေါက်ရေးနဲ့ ကျန်ရှိနေတဲ့ ကြားကာလနိုင်ငံရေးတည်ငြိမ်မှု စတာတွေကို ဆွေးနွေးတဲ့နေရာမှာ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီး တိုင်းရင်းသားတွေနဲ့ လွန်ခဲ့တဲ့ နှစ်တွေကတည်းက ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာပါ။ တိုင်းရင်းသားတွေလိုချင်တာက တန်းတူအခွင့်အရေးရဖို့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပါ။ တစ်နည်းအားဖြင့်ပြောရရင် အနှစ်သာရရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုပါ။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ်ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ပိုကောင်းမှာပါ။ နောက်တစ်ချက်ကတော့ ၂၀၁၅ ရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်ဖို့လိုတယ်။ အဲဒါကြောင့် ၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင် ဘယ်လိုဆက်ပြီး လုပ်ဆောင်သွားမယ်ဆိုတာလည်း အရေးကြီးတယ်။ အဓိကပြောချင်တာကတော့ ဆွေးနွေးနေဖို့ပါပဲ။ ဆွေးနွေးနေရင် အဖြေထွက်မှာပါ။များများတွေ့ပြီး များများ ဆွေးနွေးစေချင်တယ်"။

**ဒေါက်တာ မင်းနွယ်စိုး**
**(မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ)**

"ဒီကနေ့ဆွေးနွေးခဲ့တာက အချက်သုံးချက်ကို ဆွေးနွေးခဲ့တာပါ။ ကျွန်တော်ဘာဆွေးနွေးခဲ့သလဲဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ၂၀၀၈ ဖွဲ့စည်းပုံပါ တချို့သော ပုဒ်မတွေ ပြင်ဆင်ရေးဆွဲဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော်တို့ဆွေးနွေးခဲ့တယ်။ နောက်တစ်ချက်ကတော့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့ဆိုတာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တိတိကျကျ အကောင်အထည်ဖော်ဖို့ လိုပါတယ်။ နိုင်ငံတော်နဲ့ တိုင်းဒေသကြီးတွေရဲ့ လုပ်ပိုင်ခွင့်တွေကို တိတိကျကျဖြစ်ဖို့ ပြောင်းလဲမှုမှာ ပြောပြောနေတဲ့ ထိပ်ပိုင်းကတော့ ပြောင်းပြီး အောက်ပိုင်းကတော့ ပြောင်းဖို့လိုသေးတယ်ဆိုတာတွေ ဆွေးနွေးခဲ့တယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ အပစ်အခတ်ရပ်စဲရေးကို ခြွင်းချက်မရှိ အကောင်အထည်ဖော်ဖို့ ဆွေးနွေးခဲ့ကြတယ်။ အပစ်အခတ်ရပ်စဲတာနဲ့တင် မပြီးသေးဘူး။ နိုင်ငံရေးဆွေးနွေးပွဲကို သွားရဦးမယ်ဆိုတော့ မူဘောင်ဆိုတာ တစ်ခုတည်းဖြစ်ဖို့လိုပါတယ်။ အဲဒီမူဘောင်ပေါ်မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ မူဘောင်ကိုလည်း ကြိုတင်စဉ်းစားထားဖို့ လိုပါမယ်။ အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့အစည်းနဲ့လည်း ဆွေးနွေးရပါမယ်။ အစိုးရနဲ့ ပြည်သူလည်း ဆွေးနွေးရပါမယ်။ အဲ့ဒီလို ဆွေးနွေးလိုက်ရင် တစ်ဖွဲ့ချင်းဆီကနေ အဖြေထွက်လာလိမ့်မယ်။ ထွက်ပြီးရင် ထပ်ပြီးဆွေးနွေးရပါမယ်။ အဲဒါကမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြုလုပ်ရမယ်။ ဆွေးနွေးပွဲကနေ ရလာတဲ့ ရလဒ်တွေကို အခြေခံဥပဒေမှာ ဘယ်လိုထည့်မလဲ ဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့လည်း လိုပါဦးမယ်။ နောက်တစ်ခု လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ညင်သာတဲ့ အသွင်ကူးပြောင်းရေးလည်း ဖြစ်စေချင်တယ်။ မြို့နယ်၊ ရပ်/ကျေး မဲရုံတွေမှာ တာဝန်ကျတဲ့ ပုဂ္ဂိုလ်တွေကလည်း လက်ရှိအုပ်ချုပ်နေတဲ့ အစိုးရ(သို့မဟုတ်)အာဏာရပါတီ၊ ပါတီကြီးတွေရဲ့ ဩဇာကင်းတဲ့လူတွေဖြစ်ရမယ်။ ၂၀၁၅ ရွေးကောက်ပွဲပြီးရင်လည်း တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့သူတွေကပဲ အုပ်ချုပ်သွားစေချင်တယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ ဆန္ဒပါ။ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာကတော့ အခြေအနေအရပေါ့။ အခု ဆွေးနွေးပွဲကနေ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဘာဖြစ်လာမလဲဆိုတာ မပြောနိုင်ပါဘူး။ တစ်ခါတည်းဆွေးနွေးရုံနဲ့တော့ ရလဒ်ကောင်း ရမလာနိုင်ပါဘူး။ များများဆွေးနွေးရမယ်။ အဲဒါမှ အမြင်မတူတာတွေ ပေါင်းစပ်ကာ ကိုယ့်အမြင်က သူ့အမြင်လောက်မကောင်းရင် ကောင်းတဲ့ဟာကို လက်ခံရမှာပဲလေ။ အဲဒါတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့မှုနဲ့ပတ်သက်ပြီးလည်း သတင်းထုတ်ပြန်သွားမှာပါ"။

အမေးအရေးနှင့် ဓာတ်ပုံ
ခင်ခင်သက်(ကြေးမုံ)၊ နိုင်လင်းကြည်(ကြေးမုံ)












**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ညီနောင်တိုင်းရင်းသားများပါတီ ဖက်ဒရေးရှင်း(NBF)မှ ဦးစိုင်းအိုက်ပေါင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်အဖွဲ့ (FDA) မှ ဦးခင်မောင်ဆွေ၊ ညီနောင်တိုင်းရင်းသားများပါတီ ဖက်ဒရေးရှင်း (NBF)မှ ဦးစိုင်းအိုက်ပေါင်း၊ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ (UNA) မှ ဦးခွန်ထွန်းဦး၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားပါတီများမှ ခေါင်းဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ ယနေ့တွေ့ဆုံမှုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၃၁ ရက်က ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများအားလုံးက ထပ်မံတွေ့ဆုံဆွေးနွေးကြရန် သဘောတူညီခဲ့သည့်အတိုင်း ပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

ပထမအကြိမ် ဆွေးနွေးပွဲအပြီးတွင် လိုလားချက်မျိုးစုံ၊ မတူညီသည့် ရှုထောင့်မျိုးစုံမှ အဆိုပြုချက်များ ထွက်ပေါ်ခဲ့ပါကြောင်း၊ ထိုအဆိုပြုချက်အားလုံးကို ထည့်သွင်းစဉ်းစားပြီး ပြည်သူများအားလုံး အကျိုးရှိအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ယနေ့တက်ရောက်လာသည့် ပုဂ္ဂိုလ်များအားလုံး ပါဝင်အောင် မိမိအနေဖြင့် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဆွေးနွေးရာတွင် တိုင်းရင်းသားအများစု၏ သဘောထားများလည်း ပါဝင်နိုင်ရန် လိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် ယခုကဲ့သို့ လူမျိုးစုခေါင်းဆောင်များအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူမျိုးစုကိုယ်စားလှယ်များဖြစ်သည့် တိုင်းရင်းသားရေးရာဝန်ကြီးများကိုလည်း ဖိတ်ကြားရခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ တွေ့ဆုံမှုသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ယနေ့မိမိတို့၏ ဆွေးနွေးမှုများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့်၊ လက်တွေ့အကောင်အထည်စတင်ဖော်နိုင်မည့်ကိစ္စအချို့ကို ရှာဖွေနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ လာမည့်ဆွေးနွေးပွဲများတွင် အသေးစိတ်ဆွေးနွေးရမည့် အကြောင်းအရာများနှင့် ဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စများကို ရှာဖွေသွားကြရမည်ဖြစ်ပါကြောင်း။

ဆွေးနွေးပွဲများ ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဖိတ်ကြားစာထဲတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည့် ခေါင်းစဉ်သုံးခုပင်ဖြစ်ပါကြောင်း၊ ထိုခေါင်းစဉ်သုံးခုသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ရန် အဓိကအခြေခံများဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန်ဖိတ်ခေါ်အပ်ပါကြောင်း၊ ထိုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာရှိသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း။

ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန်အတွက် ရေတို၊ ရေရှည်ဖြေရှင်းရမည့်ကိစ္စရပ်များစွာရှိပြီး အစိုးရ၏အခန်းကဏ္ဍ၊ အမျိုးသားရေးအင်အားစုများ၏ အခန်းကဏ္ဍအားလုံးလက်တွဲရင်ဆိုင်ကျော်လွှားမှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အားလုံးတွင် နိုင်ငံရေးအရ အမြင်မတူသည်များ ရှိကြသော်လည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာရေးဟူသည့်ဆန္ဒမှာ အားလုံးတွင် တူညီမှုရှိကြပါကြောင်း၊ မိမိတို့ အချင်းချင်း လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေရရှိမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုများသည်လည်း သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အစဉ်ခံယူထားပါကြောင်း၊ ထို့ကြောင့် တူညီသည့်ရည်မှန်းချက်များနှင့် လက်တွဲလုပ်ဆောင်နိုင်မည့်ကိစ္စများကို ယခုဆွေးနွေးပွဲများတွင် ဖော်ထုတ်သွားကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှုထောင့်၊ အမြင်၊ တိုင်းတာသည့် စံနှုန်းအမျိုးမျိုးရှိနိုင်သော်လည်း တိုးတက်ဖြစ်ထွန်းမှုများရှိနေပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို မကြာခင်အချိန်အနည်းငယ်အတွင်းတွင် လက်မှတ်ရေးထိုးနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း၊ NCA ကို သဘောတူလက်မှတ်ရေးထိုးနိုင်ရေးသည် အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲများအဆင့်ကို တက်လှမ်းနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးပွဲများသည် မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားသည့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရေးအတွက်ပင်ဖြစ်ပါကြောင်း၊ ထိုကိစ္စသည် လက်နက်ကိုင် နိုင်ငံရေးအင်အားစုများအနေဖြင့် အနာဂတ်ကာလတွင် ထိုနိုင်ငံရေးဖြစ်စဉ်အတွင်း တိုက်ရိုက်ပါဝင်ပတ်သက်လာရန် အခြေအနေကောင်း ဖန်တီးလာခြင်းဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နောင်တာဝန်ယူမည့် အစိုးရအဆက်ဆက်လက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဆင်ပြေပြေနှင့် ချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်တစ်ခု ချပေးနိုင်ရေးဟူသည့် သဘောရိုးနှင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ မိမိ၏သဘောထားကို အနည်းငယ်ရှင်းပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် အချိန်အခါအလိုက် ပြင်ဆင်ရေးသားရမည်ဟူသည့် မိမိ၏ရပ်တည်ချက်ကို အစဉ်အမြဲဆုပ်ကိုင်ထားပါကြောင်း၊ တိုင်းရင်းသားများ အစဉ်တစိုက် တောင်းဆိုလာခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် အခြားလိုအပ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပေါ်ထွက်လာသည့် ရလဒ်များကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနည်းလမ်းများနှင့်အညီ ပြင်ဆင်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆောင်ရွက်ခြင်းသည် တရားဥပဒေစိုးမိုးရေးကို ကျော်လွန်လုပ်ဆောင်သကဲ့သို့ ဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း ပြင်ဆင်၊ ဖြည့်စွက်ရေးသားကြရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်စနစ်၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အာဏာခွဲဝေရေး၊ သယံဇာတခွဲဝေရေးစသည့် ကိစ္စများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ရာတွင် နိုင်ငံများစွာတွင် ကျင့်သုံးနေသည့် Principle of Progressive Realization ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် ထူးခြားမှုရှိမည့် ရွေးကောက်ပွဲပင်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်၍ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့် လွတ်လပ်မျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်ရေးအတွက် နိုင်ငံရေးအင်အားစုများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ် ရှုမြင်၍ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ပြီး မြင်သာသည့် အသွင်ကူးပြောင်းရေးဖြစ်ရန်အတွက် အဓိကကျသည့် ကြားကာလနိုင်ငံရေးတည်ငြိမ်မှုကို မိမိတို့အားလုံး လက်တွဲကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးသန်းတင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၈ မှ

၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်မည်ဆိုလျှင် ပြည်သူများ၏ ဆန္ဒအမှန်ကို ဖော်ထုတ်ပြီး လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိခြင်း၊ မြင်သာသည့်အသွင်ကူးပြောင်းမှုများမှ ပေါ်ပေါက်လာမည့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများမှတစ်ဆင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို အာမခံနိုင်ခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် အဓိက ကျသော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း။

ကြားကာလတွင် ဖြေရှင်းဆောင်ရွက်ရမည့် မြေယာပြဿနာများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များတွင် စိန်ခေါ်မှုများရှိနေပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆောင်ရွက်စရာ များစွာရှိနေပါကြောင်း၊ အမျိုးသားပညာရေး ဥပဒေသည် ရာနှုန်းပြည့်ပြီးပြည့်စုံသည့် ဥပဒေတစ်ရပ်မဟုတ်သေးသည်ကို လက်ခံပါကြောင်း၊ စံနှုန်းပြည့်မီသည့် ပညာရေးဥပဒေဖြစ်ရန်အတွက် ကျယ်ပြန့်သည့်ပါဝင်မှုများ၊ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ဆရာ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုများ အားလုံးလွှမ်းခြုံသည့် ကျယ်ပြန့်သော ဆွေးနွေးမှုများနှင့် ပညာရေးစနစ်ကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်လည်းဖြစ်ပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များကြောင့် ပွင့်လင်းလာသည့် အခြေအနေများပေါ်တွင် အခြေခံပြီး ပြည်သူများ၏ လိုလားချက်များကို လက်တွေ့ကျသည့် ရလဒ်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် နိုင်ငံရေးအင်အားစုများက ဝိုင်းဝန်းထိန်းသိမ်း၍ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုကို ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။

မိမိပြောကြားခဲ့သည်များနှင့် ဆက်စပ်၍ လွှမ်းခြုံစဉ်းစားလျှင် ၂၀၁၅ ရွေးကောက်ပွဲများသည် တိုင်းပြည်အတွက် သမိုင်းဝင်အဖြစ်သာမကဘဲ တိုင်းပြည်၏ အနာဂတ်ကံကြမ္မာနှင့်လည်း ဆက်စပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ခိုင်မာသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ဆောင်ကြဉ်းပေးမည်ဖြစ်၍ ပေါ်ပေါက်နေသည့် စိန်ခေါ်မှုများကို နိုင်ငံရေးအင်အားစုများအနေဖြင့် လက်တွဲကြိုးပမ်းကျော်ဖြတ်နိုင်လျှင် တိုင်းပြည်အတွက် အကျိုးကျေးဇူးများစွာဖြစ်ပေါ်လာနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ထွန်းစေရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် လွတ်လပ်၍ တရားမျှတသော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ပြီး ညင်သာသော အသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များပေါ်ပေါက်ရေးနှင့် ကျန်ရှိနေသေးသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့အပါအဝင် နိုင်ငံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆွေးနွေးပွဲနှင့်ပတ်သက်၍ ထုတ်ပြန်ချက်တစ်ရပ်ကို စုပေါင်းဆွေးနွေးဆုံးဖြတ်ပြီး ထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

**(ထုတ်ပြန်ချက်ကို သီးခြားဖော်ပြထားပါသည်။)** **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား ကိုယ်စားလှယ်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား ကိုယ်စားလှယ်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်တွင် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Fourth GMS Environment Ministers' Meeting - EMM 4 and related meetings) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ရာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာန ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဖင်လန်နိုင်ငံအစိုးရ၊ ဆွီဒင်နိုင်ငံအစိုးရ၊ နော်ဒစ်ဖွံ့ဖြိုးမှုရန်ပုံငွေ၊ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**တောင်ကြီးမြို့ ရှမ်းပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အားကစားဝန်ကြီးဌာနတို့မှ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော အရှေ့ဘက်ပွဲကြည့်စင်တစ်လျှောက် အမိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးနေမှုအခြေအနေတို့ကို တွေ့ရစဉ်။**

**(အဆိုပါအားကစားကွင်းပြင်ဆင်မှုကို မြန်မာနေရှင်နယ်လိဂ် ၂၀၁၅ ဘောလုံးပြိုင်ပွဲ ဇန်နဝါရီ ၃၁ ရက်နေ့အမီ တည်ဆောက်လျက်ရှိသည်။)**

KZLM (တောင်ကြီး)



## ထိုင်းနိုင်ငံ ဘုရင့်ရေတပ်ဦးစီးချုပ်၏ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဘုရင့်ရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvanish ၏ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ထိုင်းနိုင်ငံ ဘုရင့်ရေတပ်ဦးစီးချုပ်၏ ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ ဘုရင့်ရေတပ်ဦးစီးချုပ်၏ ဇနီးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မာထွန်း၊ ဒုတိယဥက္ကဋ္ဌဒေါ်တင်တင်လတ်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာအေးမြတ်လွင်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ကြည်ကြည်မြတို့အား အလှူငွေများပေးအပ်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအပြီးတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြခန်းတွင် မြန်မာ့လက်မှုပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ ခင်းကျင်းပြသထားမှု၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့၏ လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များ၊ အသေးစားချေးငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံအားပေးကြည့်ရှုပြီး မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





## (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ပြခန်းများဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၂**

(၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ ပြခန်းများဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့ ကန္ဒရဝတီပွဲတော်ကွင်း၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောဟူးဟူးနှင့် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါပြခန်းများတွင် (၆၃) ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဗဟိုပြခန်း အပါအဝင် ပြခန်းပေါင်း ၂၀ ကျော်ကို တိုင်းရင်းသားပြည်သူများ အလွယ်တကူဝင်ရောက် ကြည့်ရှုလေ့လာနိုင်ရန် ခင်းကျင်းပြသထားကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားရုံ၌ ကျင်းပသည့် (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ထို့ပြင် လွိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဘတ်စကက်ဘောအားကစားရုံ၌ ဘတ်စကက်ဘောအားကစားနည်းကိုလည်းကောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် စစ်တုရင်ပြိုင်ပွဲကိုလည်းကောင်း၊ ကန္ဒရဝတီအားကစားကွင်း၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်းကောင်း ပြုလုပ်လျက်ရှိပြီး ညနေပိုင်းတွင် (၆၃)ကြိမ်မြောက် ကယားပြည်နယ် နေ့အထိမ်းအမှတ် ဘောလုံး ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

## ပဲခူးတက္ကသိုလ်၏ တိုးမြှင့်တည်ဆောက်အောင်မြင်မှုများ

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတက္ကသိုလ်ကို ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ် ဇွန် ၁၃ ရက်တွင် ပဲခူးဒီဂရီကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အတိတ်သမိုင်းမှာ ၁၉၇၇ ခုနှစ်က ပဲခူးတိုင်းဒေသကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပဲခူးကောလိပ် အဆင့်သို့လည်းကောင်း၊ ၁၉၉၂ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ပဲခူးဒီဂရီကောလိပ်အဆင့်သို့လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ယနေ့ ပဲခူးတက္ကသိုလ်၏နယ်မြေတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)က အရှိန်အဟုန်ဖြင့် မြှင့်တင်တိုးချဲ့တည်ဆောက်ပေးနေမှုများမှာ အံ့သြဘနန်းဖြစ်ကြရသည်။



ယခုအခါ စုဝေးခန်းမ Assembly Hall ၁၉၄ × ၁၆၄ ပေ အကျယ်အဝန်းရှိ အဆောက်အအုံကြီးမှာ တည်ဆောက်ပြီးစီး၍ အသုံးပြုလျက်ရှိနေပြီဖြစ်သည်။ မျက်နှာချင်းဆိုင်တွင်လည်း တက္ကသိုလ်တစ်ခု၏ဂုဏ်အင်္ဂါနှင့်အညီ ပေ ၃၀၀ × ပေ ၄၀ အကျယ်အဝန်းရှိသော သုံးထပ်စာကြည့်တိုက်ကြီးမှာလည်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ ဟံသာဆောင်(၁)နှင့် ဟံသာဆောင်(၂)ဟု အမည်ပေးထားသော ၁၈၈ ပေ × ၄၈ ပေ အကျယ်အဝန်းရှိ သုံးထပ်စာသင်ဆောင်ကြီးနှစ်ခုနှင့် အကျယ်အဝန်းတူသော သုံးထပ်စာသင်ဆောင်ကြီး**(အပေါ်ပုံ)** တစ်လုံး လည်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ သုံးထပ်စာသင်ဆောင် သုံးဆောင်၊ စာကြည့်တိုက်နှင့် စုဝေးခန်းမကြီးတို့မှာ ပဲခူးတက္ကသိုလ်ကြီး၏ ဂုဏ်ကျက်သရေကို မြှင့်တင်ပေးနေသကဲ့သို့ တွေ့မြင်ရသည်။

ပဲခူးတက္ကသိုလ်တွင် ပါမောက္ခချုပ် ဒေါက်တာကြည်စိုး ဦးဆောင်၍ သင်ကြားရေးဌာနများနှင့် ဌာနအကြီးအကဲပေါင်း ၁၉ ဦး၏ ဦးဆောင်မှုအောက်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

ပဲခူးတက္ကသိုလ်တွင် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်၍ ပညာရည်နို့သောက်စို့နိုင်ကြပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူအချို့ကိုပင် ကျောင်းဆောင်များတွင် အဆောင်နေကျောင်းသားအဖြစ် ချိုသာသောနှုန်းထားဖြင့် စားသောက်နေထိုင်ခွင့်ပြုထားပြီးဖြစ်သည်။ ဆက်လက်၍လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စာသင်ခန်း ၁၅ ခန်းပါ ၁၈၈ ပေ × ၄၈ ပေ အကျယ်အဝန်းရှိ သုံးထပ်စာသင်ဆောင် နှစ်လုံး၊ ပေ ၄၀ × ၃၄ ပေ × ၂၂ ပေ အကျယ်အဝန်းရှိသော ပါမောက္ခချုပ်နေအိမ်၊ နှစ်ထပ်အဆောက်အအုံတစ်လုံးကိုလည်းကောင်း၊ (ပေ ၆၀ × ၃၄ ပေ × ပေ ၂၀) အကျယ်အဝန်းရှိ လေးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်ထပ်အဆောက်အအုံ ငါးလုံးကိုလည်းကောင်း၊ (ပေ ၁၂၀ × ၂၅ ပေ × ၁၂ ပေ)အကျယ်အဝန်းရှိ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ နှစ်ထပ်အဆောက်အအုံ ငါးလုံးကိုလည်းကောင်း၊ (ပေ ၁၃၀ × ပေ ၃၀ × ၂၂ ပေ) အကျယ်အဝန်းရှိ ဆရာ ဆရာမအိမ်ရာ နှစ်ထပ်အဆောက်အအုံ ငါးလုံးကိုလည်းကောင်း ဆက်လက်တည်ဆောက်လျက်ရှိသည်။ စုစုပေါင်းအဆောက်အအုံ တည်ဆောက်ဆဲမှာ ၁၈ လုံးဖြစ်သည်။

တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲအဆောက်အအုံများ အားလုံးပြီးစီးပါက ပဲခူးတက္ကသိုလ်ကြီး၏ ပရဝဏ်သည် အဆောက်အအုံ၊ လမ်း၊ ပန်းနှင့် ပန်းတင့်လျက်ရှိပြီး ဆရာကြီးဦးတင်ဇေ ရန်ကုန်တက္ကသိုလ်ကို ရည်ညွှန်းပြောကြားခဲ့သော “ပန်းရုံကြီးလို တက္ကသိုလ်”ကဲ့သို့ ပဲခူးတက္ကသိုလ်ကြီးသည်လည်း ကျောင်းသား ကျောင်းသူများ၏ ရွှင်လန်းတက်ကြွစွာ ပညာသင်ကြားနေသည့် ပန်းရုံကြီးကဲ့သို့ တက္ကသိုလ်အဖြစ် ဝင့်ထည်စွာ ပေါ်ပေါက်လာမည်မှာ မလွဲဧကန်ပါတည်း။ **(စိန်လှိုင်ဗိုလ်)**








# ပြင်သစ်နိုင်ငံတစ်ဝန်း လုံခြုံရေးတင်းကျပ် တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်ကို ဖြန့်ကြက်ထား

**ပါရီ ဇန်နဝါရီ ၁၂**

လွန်ခဲ့သည့်ရက်သတ္တပတ်က အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပြင်သစ်နိုင်ငံ၌ ၁၇ ဦး သေဆုံးခဲ့ရပြီးနောက် နိုင်ငံတစ်ဝန်းတွင် လုံခြုံရေးမြှင့်တင်နိုင်ရန် တပ်ဖွဲ့ဝင် ၁၀၀၀၀ ကို ဖြန့်ကြက်ထားပြီး ရဟူဒီ စာသင်ကျောင်းများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ထောင်ပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များအား စေလွှတ်ထားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၃ ရက်မှစ၍ လူမျိုးရေး တင်းမာမှုရှိနိုင်သောဒေသများသို့ ပြင်သစ်တပ်ဖွဲ့ဝင်များကို စေလွှတ်စောင့်ကြပ်စေမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ယန်းယေ့ဗ်လီဒရင်းက ပြောကြားသည်။

ပြင်သစ်အစိုးရအဖွဲ့သည် လုံခြုံရေးဆိုင်ရာ အကျပ်အတည်း ဖြေရှင်းရေးဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံပါရီမြို့ရှိ သရော်စာမဂ္ဂဇင်းတိုက် ချာလီဟဘ်ဒိုနှင့် ကိုဇာစူပါမားကတ်တို့ကို လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့သည်။ ကုန်တိုက်တစ်ခုတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ပြင်သစ်ရဲအရာရှိတစ်ဦးကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဇန်နဝါရီ ၁၁ ရက်တွင် ပြင်သစ်နိုင်ငံ တစ်ဝန်းလုံး၌ လူဦးရေ ၃ ဒသမ ၇ သန်းခန့်က တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသူများနှင့် သွေးစည်းညီညွတ်ကြောင်း ဆန္ဒထုတ်ဖော်ချီတက်ခဲ့သည်။ ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် လူအင်အား ၁ ဒသမ ၅ သန်း ပါဝင်ဆန္ဒထုတ်ဖော်ခဲ့သည်။

ပါရီတွင် ကျင်းပသည့် ယင်းဆန္ဒထုတ်ဖော်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များက ပြည်သူများနှင့် လက်ချင်းချိတ်ကာ ပါဝင် ချီတက်ခဲ့ကြသည်။

ဇန်နဝါရီ ၁၂ ရက်တွင် မြို့တော်ပါရီ၌ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့် ၎င်း၏ အစိုးရအဖွဲ့ အထက်တန်းအရာရှိများ၏ လုံခြုံရေးဆိုင်ရာအစည်းအဝေးကို ကျင်းပခဲ့သည်။

ယခုတစ်ကြိမ် ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်ထားသော တပ်ဖွဲ့ဝင်အင်အားသည် ပြင်သစ်နိုင်ငံအတွင်း အကြီးမားဆုံး ဖြန့်ကြက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ် ရှိနေဆဲဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ **ဘီဘီစီ။**



ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ အကြမ်းဖက်မှုဆန့်ကျင်ရေး လူထုဆန္ဒပြပွဲကျင်းပစဉ်။

# မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဆွေးနွေးရန် ပြင်ဆင်ပြီးဟု တောင်ကိုရီးယားသမ္မတ ပြောကြား

**ဆိုးလ် ဇန်နဝါရီ ၁၂**

ကြိုတင်စည်းကမ်းသတ်မှတ်ခြင်းမရှိဘဲ မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်နှင့် ဆွေးနွေးရန် ပြင်ဆင်ပြီးဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရုပ်မြင်သံကြားမှ သတင်းစာရှင်းလင်းပွဲကျင်းပရာတွင် ငြိမ်းချမ်းစွာပေါင်းစည်းရေးလမ်းကြောင်း ပွင့်ရန်လိုအပ်ပါက မည်သူနှင့်ဖြစ်စေ ၎င်းက တွေ့ဆုံမည်ဖြစ်ကြောင်း မစ္စပတ်က ပြောသည်။

မစ္စတာကင်က ၎င်း၏ နှစ်သစ်ကူး သဝဏ်လွှာတွင် အခြေအနေပေးပါက တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ကို နှစ်ပိုင်းခွဲလိုက်သော စစ်ပွဲပြီးဆုံးပြီးကတည်းက နှစ်နိုင်ငံခေါင်းဆောင်များသည် ၂၀၀၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တည်းသာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်။

စိတ်အတွင်းသဘောနှင့် အခြေအနေ အကြောင်းခြင်းရာပေါ်မူတည်၍ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ထိပ်သီးဆွေးနွေးပွဲမကျင်းပရန် အကြောင်းပြချက်မရှိပါဟု မစ္စတာကင်က ဇန်နဝါရီ ၁ ရက်တွင် ပြောခဲ့သည်။ **ဘီဘီစီ။**

# ဂျပန်စီးပွားရေး ပြန်လည်ဦးမော့လာရေး စံချိန်တင်ဘတ်ဂျက်အသုံးစရိတ် အတည်ပြု

**တိုကျို ဇန်နဝါရီ ၁၂**

ဂျပန်နိုင်ငံသည် စီးပွားရေး တုံ့ဆိုင်းနေမှုကို ပြန်လည်ဦးမော့လာစေရန် လာမည့်ဘဏ္ဍာရေးနှစ်၌ စံချိန်တင် ဘတ်ဂျက်ငွေပမာဏကို သုံးစွဲရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က

**ဂျပန်နိုင်ငံရှိ တိုယိုတာမော်တော်ကား ထုတ်လုပ်ရေး စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။**



အရောင်းခွန်မြှင့်တင်မှုပြုလုပ်ခဲ့ပြီးနောက် စီးပွားရေး တိုးတက်မှု နှေးကွေးသွားခဲ့ရသည်။

ဧပြီ ၁ ရက်မှ စတင်မည့် ဘဏ္ဍာရေးနှစ်သစ်အတွက် ဘတ်ဂျက်ငွေ ယန်း ၉၆ ဒသမ ၃၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၁၄ ဘီလီယံ) သုံးစွဲရန် အစိုးရဝန်ကြီးများနှင့် အာဏာရည္ဆန့်ပေါင်းအဖွဲ့မှ ပါတီများက မြို့တော်တိုကျိုတွင် ဇန်နဝါရီ ၁၂ ရက်က ကျင်းပသော အစည်းအဝေးတွင် သဘောတူညီခဲ့ကြကြောင်း ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက သတင်းထောက်များအား ပြောကြားသည်။

ဂျပန်အစိုးရအဖွဲ့သည် ကျေးမြို့ဝန်ထုပ်ဝန်ပိုးသက်သာစေရေးအတွက် အခွန်ဝင်ငွေတိုးစေရန် နည်းလမ်းရှာဖွေခဲ့သည်။ ဂျပန်နိုင်ငံသည် ၂၄ နှစ်တာကာလအတွင်း နှစ်အလိုက် အခွန်ဝင်ငွေ အများဆုံးရရှိမည်ဟု မျှော်မှန်းသည်။ သို့ရာတွင် အစိုးရငွေချေးစာချုပ်သစ်ထုတ်ဝေမှုကို ၂၀၀၈ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ လျှော့ချခဲ့သည်။

ဝန်ကြီးချုပ်အာဘေး၏ အစိုးရအဖွဲ့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကို မြှင့်တင်ခဲ့ပြီး လက်ရှိ ဘဏ္ဍာရေးနှစ်အတွက် နောက်ဆက်တွဲ ဘတ်ဂျက်အသုံးစရိတ်မှတစ်ဆင့် အငယ်စား စီးပွားရေးလုပ်ငန်းများကို အားပေးခဲ့သည်။

ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေ တိုးပွားလာခြင်းကြောင့် လူမှုဖူလုံရေးအသုံးစရိတ်များကို ထိန်းချုပ်နိုင်ရန် ခက်ခဲကြောင်း၊ နှစ်စဉ် ဘတ်ဂျက်အသုံးစရိတ် မြှင့်တင်သွားမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။ **ကျိုဒို။**

# အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြို့တော်သစ် စင်ကာပူကုမ္ပဏီများ မဟာစီမံကိန်း ရေးဆွဲမည်

**စင်ကာပူ ဇန်နဝါရီ ၁၂**

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်သစ် တည်ဆောက်ရေးအတွက် မဟာစီမံကိန်းတစ်ရပ် ရေးဆွဲရန် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီများပါဝင်သော လုပ်ငန်းအုပ်စုတစ်စု ရွေးချယ်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံနှင့် အင်ဒရာပရာဒေ့ရှ် ပြည်နယ်အကြား စီးပွားရေးမိတ်ဖက်ပြု ဆောင်ရွက်မှုအရ ပြည်နယ်မြို့တော်သစ် ဖွံ့ဖြိုးရေးစီမံကိန်း၏ ပထမအဆင့်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ ဆာဘားနား အင်တာနေရှင်နယ် အတိုင်ပင်ခံလုပ်ငန်း ကုမ္ပဏီနှင့် ဂျူရောင် အင်တာနေရှင်နယ် ကုမ္ပဏီတို့သည် အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြို့တော်သစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် မဟာစီမံကိန်း ရေးဆွဲရန် ရွေးချယ်ခံရကြောင်း သတင်းတွင် ဖော်ပြသည်။

စင်ကာပူ ကုမ္ပဏီများသည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း၌ အတွေ့အကြုံကောင်းများ ရှိကြသဖြင့် ပြည်နယ်မြို့တော်သစ် ထူထောင်ရေးစီမံကိန်းကို ရေးဆွဲရန် ရွေးချယ်ခံရကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**



**အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြို့တော်ဟိုက်ဒရာဘတ်မြို့လယ်တစ်နေရာကို တွေ့ရစဉ်။**



# ပါကစ္စတန် ပက်ရှ်ဝါတွင် ကျောင်းများ ပြန်ဖွင့်နိုင်ပြီ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၂**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်လက လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့သော ပက်ရှ်ဝါမြို့တွင် ဆရာများနှင့် တပည့်များသည် ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ စာသင်ခန်းများသို့ ဝင်ရောက်ကြပြီဖြစ်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရသူများအား အောက်မေ့ဖွယ် အခမ်းအနားကိုလည်း ကျင်းပခဲ့ကြသည်။

ဒီဇင်ဘာ ၁၆ ရက်က တိုက်ခိုက်မှုကြောင့် ရက်ရှည်ကျောင်းပိတ်ခဲ့ရပြီးနောက် နိုင်ငံတစ်ဝန်းရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ကြပြီဖြစ်သည်။

တာလီဘန်ခုနစ်ဦးက ကြည်းတပ်အတွင်းရှိ ကျောင်းတစ်ကျောင်းကို ဝင်ရောက်တိုက်ခဲ့ရာ ကလေး ၁၃၃ ဦး အပါအဝင် ၁၅၂ ဦး သေဆုံးခဲ့သည်။ တိုက်ခိုက်သူအားလုံးမှာလည်း သေဆုံးခဲ့သည်။ **ဘီဘီစီ။**

အတွေးအမြင်ဆောင်းပါး

# ရှေ့သို့လှမ်းချီမည့် မြန်မာ့လယ်ယာကဏ္ဍ

à aeZmZmx(alu;r)k

ယနေ့မြန်မာနိုင်ငံကို စိုက်ပျိုးစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရေး စိုက်ပျိုးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များကို အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိသည်။ ယင်းအပြင် တောင်သူများအချိန်ကုန်၊ လူမပင်ပန်းဘဲ လေလွင့်ဆုံးရှုံးမှုများ ကင်းဝေးကာ ကုန်ကျစရိတ်များသက်သာစေသည့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဖော်ဆောင် ထုတ်လုပ်လျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများတွင် ဆန်စပါးကို ခေတ်ဆက်ဆက် စိုက်ပျိုးလာခဲ့သကဲ့သို့ ယနေ့အချိန်အခါတွင် အထွက်နှုန်းကောင်း စပ်မျိုးစပါးများကို နည်းစနစ်များ ပြုပြင်ပြောင်းလဲ စိုက်ပျိုးလာခဲ့သည်။ ထိုင်း၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံများတွင် အထွက်နှုန်းကောင်း အဆင့်မြင့်စပါးမျိုးများကို စမ်းသပ်စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ ကမ္ဘာ့ဆန်စပါးဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေရာယူလာပြီဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း အထွက်နှုန်းကောင်းစပ်မျိုးစပါးများကို ဒေသဝမ်းစာဖူလုံရေးအတွက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

တရုတ်နိုင်ငံတွင် တရုတ်သိပ္ပံပညာရှင်များက တစ်ဟက်တာလျှင် စပါး ၁၄ ဒသမ ၉ တန်အထိ ထွက်ရှိသော စူပါစပ်မျိုးစပါးမျိုးကို စမ်းသပ်ဖန်တီးထုတ်လုပ်နိုင်ခဲ့သည်။ ဆက်လက်၍ စပ်မျိုးစပါးမျိုးများကို တိုးချဲ့စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံတွင် အထွက်နှုန်းကောင်း စပ်မျိုးစပါးများကို တွင်ကျယ်စွာ အသုံးပြုစိုက်ပျိုးလာခဲ့သည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်ခဲ့သည့် စပ်မျိုးစပါးမျိုးများမှာ စပါးစိုက်ပျိုးသော အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိပြီး တွင်ကျယ်စွာ စိုက်ပျိုးလာလျက်ရှိသည်။ တရုတ်သိပ္ပံပညာရှင်တစ်ဦးကလည်း တစ်ကမ္ဘာလုံး လက်ရှိစိုက်ပျိုးလျက်ရှိသည့် စပါးတန်ချိန် သန်း ၁၅၀ အထိ အပိုထွက်ရှိနိုင်ပြီး လူသန်းပေါင်း ၄၀၀မှ သန်း ၅၀၀အထိ ကျွေးနိုင်ကြောင်း အကြံပြုဆွေးနွေးထားသည်ကို သိရှိရသည်။

မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်စားသုံးမှုအများဆုံးနိုင်ငံဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံတချို့၏ ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ စားနပ်ရိက္ခာအတွက် ဆန်ဖြည့်ဆည်းပေးရာတွင် ကမ္ဘာ့လူဦးရေသည်လည်း တစ်နေ့တခြား သိသိသာသာ တိုးပွားလာလျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံစေရေး ကမ္ဘာ့နိုင်ငံအသီးသီးက အပြိုင်အဆိုင်စပ်မျိုးစပါးများကို စမ်းသပ်ထုတ်လုပ်ပြီး အထွက်နှုန်းကောင်း၊ ဆန်အရည်အသွေးကောင်းသည့် စပ်မျိုးစပါးများကို စိုက်ပျိုးထုတ်လုပ်လာလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးဧကမှာ မိုးစပါး၊ နွေစပါး စုစုပေါင်း သန်း ၂၀ခန့်ရှိရာ စိုက်ပျိုးနိုင်သည့်ဧကများအတွက် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ တိုးမြှင့်စိုက်ပျိုးသွားခြင်းဖြင့် ဒေသဝမ်းစာဖူလုံရုံမျှမက ဆန်လိုအပ်နေသည့် အိမ်နီးချင်းနိုင်ငံများသို့ပါ တင်ပို့နိုင်မည်ဖြစ်သည်။ အထူးသဖြင့် တိုးပွားလာသော လူဦးရေ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် တိုးချဲ့လာသော မြို့ပြလူနေမှုစနစ်များကြောင့် အထွက်နှုန်းကောင်းပြီး အရည်အသွေးမီ မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လာပြီဖြစ်ပါသည်။

စပ်မျိုးစပါးထုတ်လုပ်မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၆၆၂ ကီလိုထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး ၂၀၁၃-၂၀၁၄ခုနှစ်တွင် ၉၇၈ ကီလို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ခုနှစ်အတွက် စပ်မျိုးစပါးထုတ်လုပ်ရန် ၁၄၃၉ ကီလို လျာထားသတ်မှတ်ထားကြောင်း သိရသည်။ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သုည ဒသမ ၉သိန်း ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁ ဒသမ ၈ သိန်း ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁ ဒသမ ၄ သိန်း ဧကအထိ စိုက်ပျိုးခဲ့ပြီး ၁၅ ဒသမ ၃၄တင်း ထွက်ရှိခဲ့သည်။

ယခုလက်ရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် လူဦးရေ ၅၁ သန်းကျော်အတွက် ဆန်ဖူလုံမှုသည် ၁၆၈ ရာခိုင်နှုန်းရှိပြီး နောင်တိုးတက်လာမည့် လူဦးရေ သန်း ၁၀၀ အတွက် ရည်မှန်းကာ ၂၀၃၀-၂၀၃၁ခုနှစ်အထိ နှစ်(၃၀)စီမံကိန်းကို မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်ကလည်း နိုင်ငံ၏လူဦးရေအများစုဖြစ်သည့် တောင်သူလယ်သမားများ၏ ပညာရေးမြင့်မားလာမှသာလျှင် စိုက်ပျိုးရေး အတွေ့အကြုံဗဟုသုတများ တိုးပွားလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ပါ၍ စိုက်စွမ်းအားမြင့် မျိုးကောင်းမျိုးသန့်များ၊ စက်စွမ်းအားများအပြင် ကျေးလက်နေပြည်သူများ၏ ပညာဉာဏ်မြင့်မားရေးသည်လည်း မဖြစ်မနေလုပ်ဆောင်ပေးသင့်သည့်အချက်ဖြစ်ပါသည်။ စပါးမျိုးစပ်ပညာရှင်များအနေဖြင့် အရည်အသွေးမြင့်မားသော မျိုးဗီဇများပါဝင်သည့်စပါးမျိုးများကို မျိုးစပ်တည်ထွင်ထုတ်လုပ်ပြီး တောင်သူများ လက်ဝယ်သို့ပေးပို့နိုင်ရန် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားကြရမည်ဖြစ်သလို စပါးမျိုးများ စမ်းသပ်ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာကလည်း ပံ့ပိုးကူညီမှုများ ပေးသွားကြရန် အထူးလိုအပ်ပါသည်။

ထိုကဲ့သို့ စမ်းသပ်စိုက်ပျိုးသူများနှင့် တောင်သူများအကြား နှစ်ဦးနှစ်ဖက် မျှညီသွားမည်ဆိုပါလျှင် စိုက်ပျိုးသူ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သကဲ့သို့ အရည်အသွေးကောင်းဆန်စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံအတွက် နိုင်ငံခြားပို့ကုန်အဖြစ် မျက်နှာပန်းလှစေမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းသည်လည်း အရေးကြီးသည့်အခန်းမှ ပါဝင်လျက်ရှိသည်။ နိုင်ငံကို လယ်ယာကဏ္ဍဖြင့် စွမ်းအားမြင့်တင်နေချိန်တွင် စိုက်ပျိုးရေးပညာရှင်များနှင့် သုတေသီများအနေဖြင့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်သည်။ လက်ရှိဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးစွမ်းအားနည်းပညာများအပါအဝင် နောက်ထပ်လုပ်ဆောင်မည့် သုတေသနလုပ်ငန်းများကို အားတက်သရော စွမ်းဆောင်နိုင်ရန် နိုင်ငံတော်မှ ပံ့ပိုးပေးမှုများ လိုအပ်ပေသည်။

အားလုံးချုံ၍ဆိုရလျှင် စိတ်ဓာတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ မြေယာပိုင်းပြုပြင်ပြောင်းလဲမှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲမှု၊ အထွက်နှုန်းကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးမှုနှင့် သုတေသနပြု လုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်သွားမည်ဆိုပါက တစ်ချိန်ကရောက်ရှိခဲ့သည့် စိုက်ပျိုးစွမ်းအားမြင့်မားသည့် အာရှထိပ်တန်း တစ်နိုင်ငံအဖြစ် ပြန်လည်ဦးမော့လာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်၊ သုတေသနပြုလုပ်သူများနှင့် တောင်သူလယ်သမားများ သုံးဦးသုံးဖလှယ်ညီမျှသွားမည်ဆိုပါလျှင် စိုက်ပျိုးစွမ်းအားဖြင့် မြေကြီးကရွှေသီးစေမည့် အနာဂတ်ရွှေရောင်အိပ်မက်များကို အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါသည်။ ။

> ယခုလက်ရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် လူဦးရေ ၅၁သန်းကျော်အတွက် ဆန်ဖူလုံမှုသည် ၁၆၈ရာခိုင်နှုန်းရှိပြီး နောင်တိုးတက်လာမည့် လူဦးရေ သန်း၁၀၀ . . . . .

> တောင်သူ လယ်သမားများ၏ ပညာရေးမြင့်မားလာမှသာလျှင်စိုက်ပျိုးရေး အတွေ့အကြုံဗဟုသုတများတိုးပွား. . . .

## ဗဟန်းမြို့နယ်တွင် လူမှုဝန်ထမ်းမှူးကြို(၁) ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်း

**ရန်ကုန်၊ ဇန်နဝါရီ ၁၂**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၏လမ်းညွှန်မှုဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ်ဦးဆောင်ကာ ကျောင်းတွင်း ကျောင်းပြင်သာယာလှပရေးနှင့် ကလေးငယ်များ စိတ်လက်ကြည်သာပျော်ရွှင်စွာ ဆော့ကစားနိုင်ရေးတို့အတွက် မိဘဆရာအသင်းနာယကများ၊ အမှုဆောင်များ၊ အလှူရှင်များ၊ မိဘများပူးပေါင်းဆောင်ရွက် ထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကျော်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမူလတန်းကြိုကျောင်းအမှတ် (၁)ဗဟန်း၏ ကျောင်းတွင်း မျက်နှာစာအား ကွန်ကရစ်လမ်းခင်းခြင်း၊ ရေပန်းနှင့် ပန်းဥယျာဉ်ပြုပြင်ခြင်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ဖွင့်လှစ်ပေးခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## သုံးခွမြို့နယ်တွင် ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ အသိပေးရှင်းလင်း

**သုံးခွ ဇန်နဝါရီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ဝန်းဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းသည် ကူးစက်မှုကို ခုခံနိုင်စွမ်းမရှိသော ကလေးသူငယ်များတွင် အသက်အရွယ်အတိုင်းအတာ ကျယ်ပြန့်စွာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ပြည်သူလူထုတွင်း ခုခံကာကွယ်စွမ်းအားများ ပေါ်ပေါက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာစိုးဝင်းက နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ မြို့နယ်အဆင့် အသိပေးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဆေးထိုးအဖွဲ့ ပေါင်း ၄၁ ဖွဲ့ဖြင့် (ထက်၊ လယ်၊ မူ)ကျောင်း ၁၄၅ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း၊ ရည်မှန်းကျောင်းအခြေပြု ကလေးပေါင်း ၂၅၂၅၀၊ ရည်မှန်းပြည်သူလူထုအခြေပြု ကလေးပေါင်း ၁၄၃၄၃ ဦးတို့အား အစီအစဉ်နှစ်ခုဖြင့် တစ်လခြားလျက်ဆောင်ရွက်မည်ဖြစ်သည်။

ပထမအစီအစဉ်တွင် အစိုးရကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဇန်နဝါရီ ၁၉ရက်မှ ၂၇ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။

ဒုတိယအစီအစဉ်တွင် လူထုအတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များ၊ အသက်ငါးနှစ်မှ ၁၅ နှစ်အတွင်းကျောင်းမနေသော ကလေးငယ်များနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ရှိသည့်ကလေးငယ်အားလုံးကိုလည်း ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အစုလိုက်ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(ကြည်စိုးလွင်–သုံးခွ)**

## အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံများ



**ညောင်တုန်း၊ ဇန်နဝါရီ ၁၂**

နှစ်စဉ်စီးပွားဖြစ် စိုက်ပျိုးနေသော ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့်ပဲအမျိုးမျိုး၊ နေကြာနှင့် ပြောင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေကြသည်။

ယခုနှစ်တွင် မိုးအခါက ဧရာဝတီမြစ်ရေမြင့်တက်မှု နှစ်စဉ်နှစ်တိုင်းလောက်မရှိသော်လည်း မိုးရွာသွန်းမှုအားကောင်းခဲ့သည်။

ညောင်တုန်းမြို့နယ်ရှိ မြစ်ရေတက်ရောက်မှုရှိသော မြေနုကျွန်းကျေးရွာများသည် မြစ်ရေကျဆင်းပြီးပေါ်လာသည့် မြေနုကျွန်းများတွင် ပဲအမျိုးမျိုး၊ နေကြာနှင့်ပြောင်းများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။

တချို့လယ်သမားများသည် မိုးစပါးရိတ်သိမ်းပြီး ပဲအမျိုးမျိုးစိုက်ပျိုးနေချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲများပျက်စီးမှုရှိခဲ့ပြီး ဆောင်းသီးနှံများ ပြန်လည်ပြုပြင်၍ စိုက်ပျိုးခဲ့ကြသည်။

မြေနုကျွန်းများတွင် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဆောလျင်စွာ စိုက်ပျိုးရခြင်းကြောင့် သီးနှံများ အောင်မြင်ဖြစ်ထွန်း၍ မကြာမီ ပဲအမျိုးမျိုးဖြစ်သည့် ပဲလွမ်းဖြူ၊ ပဲလွမ်းနီ၊ ပဲနောက်၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာနှင့် ပြောင်းများ လှိုင်လှိုင်ထွက်ရှိတော့မည်ဖြစ်သည်။

"ဒီနှစ်မှာ မြစ်ရေက ကျွန်တော်တို့ မြေနုကျွန်းတွေပေါ်မှာ နှစ်တိုင်းလောက်ရေနစ်မြုပ်မှု မရှိပါဘူး။ ဒါပေမယ့် မိုးရွာသွန်းမှုအားကောင်းတာကြောင့်မြေအစိုဓာတ်က ဆုတ်ယုတ်မှုအားနည်းတော့ စိုက်ပျိုးအောင်မြင်ကြပါတယ်။ ကျွန်တော်တို့ ဒီနယ်တစ်ဝိုက်ဖြစ်တဲ့ ပေစိကျွန်း၊ ထိပ်ဝကြီး၊ မြမ္မာပြာသာ၊ ဆင်ထုံးစတဲ့ကျေးရွာအုပ်စုတွေကမိုးအခါ မြစ်ရေနစ်မြုပ်မှုမရှိတာကြောင့် ဒီဆောင်းသီးနှံကိုပဲ စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာ ဆောင်းရာသီက အအေးပိုလိုက်၊ လျော့လိုက်ဆိုတော့ သဘာဝမိုးမှွားအန္တရာယ်ကျရောက်မှာကိုပဲ စိုးရိမ်နေရပါတယ်"ဟု ထိပ်ဝကြီးကျေးရွာမှ တောင်သူဦးမြင့်မောင်က ပြောသည်။

**(ဝ၇၆)**




# ဖက်ဒဲရား အကြိမ် ၁၀၀၀ မြောက် နိုင်ပွဲအဖြစ် ဘရစ်ဘိန်း အပြည်ပြည်ဆိုင်ရာ ဖလားဆွတ်ခူး

ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲရားသည် ၎င်း၏ အကြိမ် ၁၀၀၀ မြောက်နိုင်ပွဲအဖြစ် ဘရစ်ဘိန်းအပြည်ပြည်ဆိုင်ရာဖလားဗိုလ်လုပွဲတွင် ကနေဒါနိုင်ငံသား မိုင်းလော့စ်ရာနိုနစ်ကို ၆-၄၊ ၆-၇(၂-၇)၊ ၆-၄ ဖြင့် အနိုင်ကစားကာ (၈၃)ခုမြောက် ချန်ပီယံဖလားကို ရယူနိုင်ခဲ့သည်။ ကမ္ဘာ့အဆင့်(၂) ကစားသမား ဖက်ဒဲရားအနေဖြင့် ယင်းပွဲအနိုင်ရရှိခဲ့မှုကြောင့် ဂျင်မီကော်နော်လ်နှင့် အိုင်ဗန်လန်ဒယ်တို့ပြီးနောက် ATP ပြိုင်ပွဲ အကြိမ် ၁၀၀၀ နိုင်ပွဲရသည့် တတိယမြောက်ကစားသမားဖြစ်လာခဲ့သည်။

ဖက်ဒဲရားက "ကျွန်တော့်အနေနဲ့ တင်းနစ်လောကမှာ အချိန်အကြာကြီး ကစားနိုင်ခဲ့ပြီးပွဲ၁၀၀၀ကြိမ်မြောက်နိုင်ပွဲရအောင်ကစားနိုင်ခဲ့တာဟာ တကယ့်ကို ကောင်းမွန်တဲ့အခိုက်အတန့်ပါပဲ။ ကျွန်တော့်တစ်သက် ဒီပွဲကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဂရင်းစလင်း ၁၇ ခု ရယူထားသော ဖက်ဒဲရားသည် ယမန်နှစ်က ဘရစ်ဘိန်းဗိုလ်လုပွဲတွင် ဟီးဝစ်ကို ရှုံးနိမ့်ခဲ့ကာ ၁၉၉၂ ခုနှစ်ကတည်းက လန်ဒယ်တင်ထားခဲ့သည့် ပွဲ ၁၀၀၀ မြောက်နိုင်ပွဲရရှိသည့် စံချိန်ကို လိုက်မီနိုင်ခြင်းမရှိခဲ့ပေ။ ၎င်းသည် ၂၀၀၁ ခုနှစ်မှစတင်၍ ၁၅ နှစ်တိုင်တိုင် ချန်ပီယံဆုဖလားမရယူနိုင်သည့်နှစ်မရှိသေးသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

(မေလှဲ့သင်း)

## လမ်းဘတ်အားခေါ်ယူရန် ဝက်စ်ဘရွန်းနှင့် ခရစ္စတယ်ပဲလေ့စ်ကြိုးပမ်း

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် ဝက်စ်ဘရွန်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် လီဗာပူးအသင်း၏ အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူး ရစ်ကီလမ်းဘတ်အားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။

လမ်းဘတ်မှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပေါင် လေးသန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသလိုပုံမှန်နေရာရရှိရန်လည်းရုန်းကန်ခဲ့ရသည်။

ထို့ပြင် လီဗာပူးအသင်းမှာလည်း ဆောင်းရာသီ ဈေးကွက်အတွင်း အသင်းမှကစားသမားအများအပြားကို ရောင်းထုတ်သွားရန် စီစဉ်လျက်ရှိပြီး ၎င်းမှာအသင်းမှရောင်းထုတ်မည့်ကစားသမားစာရင်းတွင် ထိပ်ဆုံးနေရာ၌ရှိနေသည်။

လီဗာပူးနည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာလာမည့် ဆောင်းရာသီကာလတွင် အသင်းမှခေါ်ယူထားခဲ့သည့်ဘယ်လ်ဂျီယံလူငယ် တိုက်စစ်မှူး အော်ရီဂီအား ပြန်လည်ခေါ်ယူသွားရန်ဆန္ဒရှိနေပြီး ခြေစွမ်းပြသနိုင်ခြင်းမရှိသည့် လမ်းဘတ်နှင့် ဘာလော့တယ်လီတို့အား ရောင်းထုတ်ရန် ပြင်ဆင်နေကြောင်း သိရသည်။ (ကိုရဲ)

## ဘာစီလိုနာမှ ထွက်ခွာမည် မဟုတ်ဟု မက်ဆီပြောကြား




ဘာစီလိုနာကြယ်ပွင့် လီယွန်နယ်မက်ဆီက ၎င်းအနေဖြင့် နည်းပြဟင်နရီကေးနှင့် အဆင်မပြေသဖြင့် ကာတလန်အခြေစိုက်အသင်းမှ ထွက်ခွာမည်ဆိုသည့်သတင်းများမှာ ကောလာဟလများသာဖြစ်သည်ဟု ဘာကာတီဗွီသို့ ပြောကြားခဲ့သည်။

အသက် (၂၇) နှစ်အရွယ်ရှိ ၎င်းကစားသမားက ဇန်နဝါရီ ၁၁ ရက်တွင် အက်သလက်တီကိုနှင့် ကစားခဲ့သောပွဲအပြီးတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် မက်ဆီသည် အထူးခြေစွမ်းပြခဲ့သည်။

မက်ဆီက "ကျွန်တော်တစ်ပွဲလောက်ဝင်မကစားရင် ဘယ်အသင်းကိုပြောင်းတော့မယ်။ ဘယ်သူနဲ့ အဆင်မပြေဘူးဆိုတဲ့ကောလာဟလတွေကအမြဲထွက်လာတော့တာပဲ။ကျွန်တော်ကနည်းပြနဲ့ရော ဘုတ်အဖွဲ့ဝင်တွေ အားလုံးနဲ့ပါ အဆင်ပြေသလို ထာဝရဘာကာအသင်းသားပါ။ ဒီလိုကောလာဟလတွေက ကျွန်တော့်ကိုရော ဘာကာပရိသတ်ကိုပါ စိတ်မသက်မသာဖြစ်စေပါတယ်"ဟု ပြောကြားခဲ့သည်။

မက်ဆီသည်ဘာစီလိုနာအသင်းအတွက် ၂၀၀၄ခုနှစ်တွင် ပွဲထွက်ကစားခဲ့ရပြီးနောက်ပိုင်း တောက်လျှောက်ခြေစွမ်းပြကာ ဆယ်စုနှစ်တစ်စုတိုင် များစွာအကျိုးပြုခဲ့သောကစားသမားလည်းဖြစ်သည်။ လာလီဂါသွင်းဂိုး ၂၅၈ ဂိုးအပါအဝင် စုစုပေါင်းသွင်းဂိုး ၃၇၈ ဂိုးဖြင့် ဘာစီလိုနာ၏ထာဝရသွင်းဂိုးအများဆုံး သွင်းယူပေးထားနိုင်သူလည်းဖြစ်သည်။

(မေလှဲ့သင်း)

# အာဆင်နယ်ကစားသမား ဝီရှိုင်းယားမျှော်လင့်ထားသည်ထက်စော၍ အသင်းနှင့်အတူ ပါဝင်ကစားနိုင်မည်

အာဆင်နယ် ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ခြေချင်းဝတ်ဒဏ်ရာရရှိထားခဲ့သဖြင့် အသင်းနှင့်အတူ ကာလကြာရှည်စွာ ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့ဘဲ လက်ရှိတွင် အဆိုပါ ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာတော့မည်ဖြစ်သောကြောင့် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ရှုံးထွက် ပထမအကျော့ပွဲစဉ် မတိုင်မီ အာဆင်နယ်အသင်းတွင် ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

ဝီရှိုင်းယားသည် နိုဝင်ဘာလအတွင်းက မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် သုံးလကြာအနားယူခဲ့ရပြီး ဖေဖော်ဝါရီလမကုန်မီ အာဆင်နယ်အသင်းတွင် ပြန်လည်ပါဝင်လာရန်ရှိနေကြောင်း သိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ကွင်းလယ်ကစားသမား အိုဇေးလ်ကိုလည်း အသင်းတွင် အမြန်ဆုံးပါဝင်လာရန် မျှော်လင့်ထားကြောင်း သိရသည်။ အိုဇေးလ်သည် အောက်တိုဘာလအတွင်း ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနားယူခဲ့ရသူဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်း၏ ဒဏ်ရာရကွင်းလယ်ကစားသမားများဖြစ်ကြသည့် ရမ်ဆေးနှင့် ဖလာမီနီတို့သည် အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးကွင်းတွင် ပြန်လည်ဆင်းနိုင်ပြီဖြစ်သော်လည်း တိုက်စစ်မှူး ဝဲလ်ဘက်မှာမူ အာဆင်နယ်အသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာရန် မသေချာသေးကြောင်း သိရသည်။

(ငွေကြယ်)



# တောင်ငူမြို့မဈေးကြီးခေါင်မိုးပေါ်၌ လက်ပစ်ဗုံးတွေ့ရှိ

**တောင်ငူ ဇန်နဝါရီ ၁၂**

တောင်ငူမြို့ မြို့မဈေးကြီးခေါင်မိုးပေါ်တွင် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ရေတံလျှောက်များပြုပြင်ရာမှ အသက်ရှိသော လက်ပစ်ဗုံး တစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။



နံနက် ၈ နာရီခန့်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့မဈေးကြီး ရုံအမှတ်(၁၅)မှ ဈေးမိဈေးဖများက ယိုယွင်းပျက်စီးနေသော ရေတံလျှောက်များကိုပြုပြင်ရာ ပြုပြင်ရေးလုပ်သားဖြစ်သူ ကိုစိုးညွန့်လှိုင်က ရုံအမှတ်(၁၅)ဝင်ပေါက် အမှတ်(၄)နှင့် (၅)အကြားရှိ ရေတံလျှောက်ထဲမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စည်ပင်က ရေတံလျှောက်တွေပြင်ပေးမယ်ဆိုလို့ ဈေးရုံလုံခြုံရေးအတွက် လာကြည့်တာ အပေါ်မှာ သံအလုံးကြီးတွေ့တယ်။ ဗုံးလို့ထင်တယ်ပြောလို့ အောက်လွှတ်တဲ့နေရာပစ်ချပြီး ကြည့်လိုက်တော့ လက်ပစ်ဗုံးတစ်လုံးဖြစ်နေတာ နားလည်သူတစ်ဦးက ဒါ ၉၁-မမ ဗုံးဆိုတာနဲ့ ဈေးခေါင်းကတစ်ဆင့် သက်ဆိုင်ရာကို အကြောင်းကြားလိုက်တာပါ"ဟု ဈေးမိဈေးဖတစ်ဦးဖြစ်သူ ဦးသန်းဝင်းက ပြောသည်။

အဆိုပါ ဗုံးအား နယ်မြေခံတပ်မှ တာဝန်ရှိသူများလာရောက်သိမ်းဆည်းသွားပြီး ၉၁-မမ အမျိုးအစားအသက်ရှိသော ဗုံးဟောင်းတစ်လုံးဖြစ်ကြောင်း တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဈေးကြီးသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပေါ်ခဲ့ရာ ဈေး၏ ၇၅ ရာခိုင်နှုန်းခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီးနောက် ယခုအချိန်အထိ ဈေးသစ်ပြန်လည်တည်ဆောက်နိုင်ခြင်းမရှိဘဲ ယခု လက်ပစ်ဗုံးတွေ့ရှိသော ရုံအမှတ်(၁၅)မှာ မြို့မဈေးကြီး မီးလောင်ကျွမ်းစဉ်က ကျန်ရှိသော ဈေးရုံကြီးဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(တောင်ငူ)**

# ကံမမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကံမ၊ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စပယ်ခြံကျေးရွာအနီး ကံမ-ပြကြီးကားလမ်း မိုင်တိုင်အမှတ် ၃/၃ နှင့် ၃/၄ အကြားတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီခန့်က ယာဉ်မောင်း မင်းမင်းစိုး (၃၆)နှစ် မောင်းနှင်လာသော ယာဉ်အမှတ် 6E/. . . ကင်တာ ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

၎င်းနှင့်အတူ ကားရှေ့ခန်းမှလိုက်ပါလာသော သူနှစ်ဦးတို့မှာ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြသဖြင့် ကံမမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး အသက်အန္တရာယ်စိုးရိမ်ရဖွယ်မရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**



# စိတ်ဖောက်ပြန်၍ကိုယ့်ကိုယ်ကိုယ်သေနတ်ဖြင့် ပစ်ခတ်

**ရေး၊ ဇန်နဝါရီ ၁၂**

ခေါဇာရဲစခန်း ဒုရဲအုပ် လင်းသူဇော် တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် ဇန်နဝါရီ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ရဲစခန်းအနောက်တောင်ဘက် ရှစ်မိုင်ခန့်အကွာ ခေါဇာမြို့ မိထောလှလေးကျေးရွာအတွင်းနေထိုင်သူ တစ်ဦးမှာ မိမိကိုယ်မိမိ တောပုန်းသေနတ်ဖြင့် ပစ်ခတ်သေဆုံးကြောင်း သတင်းအရ သက်သေများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ခေါဇာမြို့ မိထောလှကျေးရွာနေ မောင်ဗလိုင်(ခ)မောင်ပန်းညို (၂၆)နှစ် ခြံလုပ်သူသည် ၎င်း၏ နေအိမ်တဲနောက်ခန်းတွင် နံနက် ၆ နာရီခန့်က ၎င်းကိုင်ဆောင်သည့် သံပြောင်းရှည် သုံးပေ လေးလက်မခန့်၊ သစ်သားဒင်တစ်ပေလေးလက်မခန့်ရှိ တူမီးတောပုန်းသေနတ်ဖြင့် စိတ်ဖောက်ပြန်ကာ မိမိကိုယ်မိမိ ပစ်ခတ်၍ ဦးခေါင်းဝဲဘက်နားထင်မှ ညာဘက်ခြမ်းအထိ ကျည်ဖောက်ထွက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သေဆုံးသူ မောင်ဗလိုင်(ခ)မောင်ပန်းညို၏ ရုပ်အလောင်းအား မှုခင်းဆေးစာနှင့်အတူ ခေါဇာမြို့ ဆေးရုံသို့ ပို့အပ်ထားရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ မိမိကိုယ်မိမိပစ်ခတ်သေဆုံးခဲ့သော မောင်ဗလိုင်(ခ)မောင်ပန်းညို သေဆုံးခြင်းနှင့် ပတ်သက်၍ ခေါဇာရဲစခန်းက သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# မြိုင်မြို့နယ်တွင် ဓားဖြင့် ခုတ်သတ်ပြီး နေအိမ်အားမီးရှို့မှုဖြစ်ပွား

**ပခုက္ကူ၊ ဇန်နဝါရီ ၁၂**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ကံကြီးတောကျေးရွာတွင် ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီက ဓားခုတ်မှုနှင့် နေအိမ်မီးရှို့မှု ဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာအဆိုပါကျေးရွာနေ တင်ထွန်းအောင် အသက် (၃၅) နှစ်သည် အရက်မူးလာပြီးယောက္ခမများဖြစ်ကြသော ဦးစံထွေး အသက် (၇၁) နှစ်နှင့် ဒေါ်သိန်းရင် အသက် (၇၁) နှစ် တို့အား ၎င်း၏ ဇနီးဖြစ်သူ မခင်ဌေးဝင်း၏ ထွက်ပြေးတိမ်းရှောင်နေသောနေရာကို မေးရာ ပြောမပြခဲ့သဖြင့် အရိုးအသွားနှစ်ပေခန့်ရှိ ဓားရှည်ဖြင့် ယောက္ခမနှစ်ဦးအား ခုတ်ရာ ဦးစံထွေးတွင် ဝဲဘက်ချိုစောင်းပြတ်ရှဒဏ်ရာ၊ ဝဲဘက်လက်ညှိုး နှင့်လက်ခလယ်ပြတ် ဒဏ်ရာများနှင့် ဒေါ်သိန်းရင်တွင် ဝဲဘက်လည်ပင်းပြတ်ရှဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ထို့ပြင် ဦးစံထွေးနှင့် ဒေါ်သိန်းရင်တို့ နေထိုင်သော ထန်းလက်မိုး၊ ထန်းလက်ကာ မြေစိုက်နေအိမ်အား မီးရှို့ခဲ့သဖြင့် တင်ထွန်းအောင်အား မြိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျော်ဇေယျ**




















## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးခင်မောင်တင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-
ဒေါ်ခင်မိုးကြူတို့၏သားကြီး

**ဒေါက်တာရဲကျော်သူ M.B.,B.S (YGN)**

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ငွေ-ဒေါ်သန်းသန်းဝေတို့၏ သမီးလတ်

**ဒေါက်တာယုမြတ်မွန်**
**M.B.,B.S (Ygn)**
**1st Year M.Med.Sc (O&G)**

တို့၏ ၁၀-၁-၂၀၁၅ ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲတွင် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပါသော ဦးမောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်ခင်မြချစ်၊ လက်ထပ်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်စောမူ (ပဒုမ္မာ Show Room and ပဒုမ္မာ Gems& Jewellery)တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်လှ(ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းကြည်၊ သီရိပုံချီ ဦးအောင်သောင်း (တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ သူငယ်ချင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မအေးမြတ်နိုးနှင့် မဆုမြင့်မိုရ်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဆုမြတ်နိုး၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မဇင်မီမီထွန်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသီဟဆန်းမောင်နှင့် ဒေါက်တာမင်းသက်ခိုင်၊ သတို့သမီးအရံ ဒေါက်တာခိုင်လဲ့ဝင်းနှင့်မဇာလီနွယ်တို့အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Ace တေးဂီတအဖွဲ့၊ ပန်းအလှဆင်နှင့် ဘိသိက်တော် မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော ကိုမျိုးချစ်-ရွှေနန်းမြင့် မင်္ဂလာဝန်ဆောင်မှုအဖွဲ့၊ မင်္ဂလာဝတ်စုံစီစဉ်ဆောင်ရွက်ပေးပါသော ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆယ်ဆယ်(သိင်္ဂီရွှေဝါပိုးထည်တိုက်)၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဒီဇိုင်နာသဇင်ခင်၊ မင်္ဂလာလက်ဝတ်ရတနာ ဆင်မြန်းပေးပါသော ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်စောမူ(ပဒုမ္မာ Gems & Jewellery)၊ ကြည်ရတနာမိသားစု၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ စိုင်းဘုန်းထူးနှင့် Forever (Photo & Studio)၊ မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးပါသော စိုင်းဘုန်းထူးတို့အားလည်းကောင်း၊ ၁၅-၁၁-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်သိန်းသိန်းညွန့်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ စီမံပေးပါသော Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာရဲကျော်သူ-ဒေါက်တာယုမြတ်မွန်**

# အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းအား ချပြရှင်းလင်း

**သထုံ၊ ဇန်နဝါရီ ၁၂**

မွန်ပြည်နယ်လွှတ်တော်တွင် ပြဋ္ဌာန်းရန် ရေးဆွဲလျက်ရှိသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းအား အများပြည်သူ သိရှိနားလည်နိုင်စေရန်အတွက် သထုံမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူများအား ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ဒေးဗရိန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ရှိသူတို့က ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေမူကြမ်းရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က မိမိတို့လာရောက်ရသည့် အကြောင်းရင်းနှင့် ပြည်သူများ အနေဖြင့် ပါဝင်ပူးပေါင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းဇော်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်၊ သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ စနစ်တကျပေါင်းစပ် ဆောင်ရွက်နိုင်စေရန်တို့အတွက် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အရေးကြီးပုံကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယမြို့နယ်ဥပဒေအရာရှိဦးမင်းသူရက အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းကိုအသေးစိတ်ရှင်းလင်းရာ တက်ရောက်လာသော ဒေသခံများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါရှင်းလင်းပွဲသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ သထုံမြို့နယ်အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကော်မတီဥက္ကဋ္ဌ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းဇော်နှင့် အဖွဲ့ဝင်များ တက်ရောက်ရှင်းလင်းခဲ့ကြသည်။

အလားတူ အဆိုပါနေ့ မွန်းလွဲ ၂ နာရီက သထုံမြို့နယ် ထောင်မှူးကျေးရွာ အင်းနီဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ဒေသခံပြည်သူများသို့ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေမူကြမ်းအား ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လှိုင်ကော်၌ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**လှိုင်ကော်၊ ဇန်နဝါရီ ၁၂**

လှိုင်ကော်မြို့၌ ဇန်နဝါရီ ၈ ရက်မွန်းလွဲ ၃ နာရီက လေပြင်းများတိုက်ခတ်ပြီး မိုးများသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော အိမ်ထောင်စုများအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းတို့က နမ့်ဘော်(ခါး)ဓမ္မာရုံ၌ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ စေတနာရှင် အလှူရှင်များကလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေပြင်းများတိုက်ခတ်မှုများကြောင့် ထူဒူင်တကျေးရွာ၊ နမ်းဘော်ဝမ်ရှမ်း၊ နမ်းဘော်ဝမ်ရှမ်း(ခါး)ရပ်ကွက်၊ ဧက ၅၀၀ ရပ်ကွက်၊ ဒေါဆန်းဘွန်းကျေးရွာ၊ စိုက်ကွင်း ၃ တို့တွင် လေပြင်းများတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၇၃ လုံးခန့်ပျက်စီးခြင်း၊ အချို့အိမ်များမှာ ပြိုလဲပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြိတ်မြို့ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**မြိတ်၊ ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၈ ရက်က မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြိတ်အဝေးပြေးကားဝင်းနှင့် ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်၌စက်ယန္တရားများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းမန်နေဂျာ ဦးထွန်းတေဇာသန်းက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြပြီး မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာဥက္ကဋ္ဌ ဦးလှသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အဝေးပြေးကားဝင်းနှင့် ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်တွင် တည်ဆောက်ရေးလုပ်ငန်းများကို ယန္တရား ၁၀ စီး၊ အလုပ်သမားဦးရေ ၃၀၀ ခန့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းစီမံကိန်းကို သုံးနှစ်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနှစ်တွင် ၄၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာအစည်းအဝေးခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး ပညာရေးကဏ္ဍမြှင့်တင်ရန် တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ၊ဆရာမများ သင်ကြားသင်ယူမှုကောင်းမွန်စေရေးအတွက် ခရိုင်၊ မြို့နယ် ပညာရေးမှူးများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် ကျောင်းများအားလုံးကို ကွင်းဆင်း၍ ဆရာ၊ ဆရာမများအား ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်စေလိုကြောင်း၊ ကျောင်းများတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဝိုင်းဝန်းတားဆီးဆောင်ရွက်ကြရန်တို့ကို အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီး ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

## ရွာငါးရွာတွင် ကျေးလက်အိမ်ရာများတည်ဆောက်

**ဘားအံ၊ ဇန်နဝါရီ ၁၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများနေထိုင်မှုလိုအပ်ချက်များအား ကျေးလက်အိမ်ရာများ ဆောက်လုပ်၍ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၄ သန်းဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များရှိ ကျေးရွာငါးရွာတွင် ကျေးလက်အိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးလက်အိမ်ရာများ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေးအတွက် ကော့ကရိတ်မြို့နယ်၊ စော်ဟဲကျေးရွာ ကျေးလက်အိမ်ရာများ တည်ဆောက်နေမှုကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးသည် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**


## မကြံ့စဖူးအထူးအခွင့်အရေး

AMAZING PRICE

(၁) ရန်ကုန်မြို့၏ အချက်အချာကျသည့် ဗိုလ်တထောင်ဘုရားအနီး၊ ဗိုလ်တထောင် မြို့နယ်တွင်တည်ရှိပြီး ဧရိယာကျယ်ဝန်းသော အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများ ရောင်းရန်ရှိသည်။ (၂၅×၇၇. ၆)ပေ

(၂) ရန်ကုန်မြို့၏ ဈေးကွက်ဗဟို ဆူးလေဘုရားအနီး၊ ပန်းဘဲတန်းမြို့နယ်တွင်တည်ရှိပြီး တစ်ခန်းတည်းကွန်ဒိုဖြစ်ခြင်းကြောင့် နေထိုင်သူများအဆင်ပြေသည်။ ရောင်းချရန် အခန်း(၁)ခန်းသာကျန်ရှိသည်။ ပေ(၁၇×၆၀)

(၃) ရန်ကုန်မြို့၏ အချက်အချာကျ၍ ပန်းဘဲတန်းမြို့နယ်တွင်တည်ရှိသော အဆင့်မြင့်ပြင်ဆင်ပြီး River View ကွန်ဒိုတိုက်ခန်းရောင်းရန်ရှိသည်။

(၄) အလင်းရောင်(၄)လမ်း၊ ဒေါပုံမြို့နယ်၊ (ကြိုပွိုင့်စနစ်) (၁၁½×၄၇)ပေ

(၅) ရန်ကြီးအောင်လမ်း၊ သာကေတမြို့နယ်၊ (ကြိုပွိုင့်စနစ်) (၁၈×၅၆)ပေ
- PAE ဖြင့် တည်ဆောက်လိုသူများ ဆက်သွယ်နိုင်ပါသည်။
- ရုံးခန်းတွင် ဈေးနှုန်းလာရောက် မေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၁၃၄)၊ ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

ဖုန်း - ၀၁-၃၉၈၂၄၂၊ ၀၉-၇၃၁၉၃၉၁၅၊ ၀၉-၄၃၁၂၁၄၈၉

မှတ်ချက်။ ။ ကြော်ငြာကိစ္စများ ဖုန်းဆက်ခြင်းသည်းခံပါ။






## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၁၁၃၀)၊ မြေကွက်တည်နေရာအမှတ် (၁၁၃၀)၊ (၃၈)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ခင်ညွန့်-SIN-၃၈၈၉၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံး၏တရားမကြီးမှုအမှတ်-၉၉/၂၀၁၄နှင့် တရားမဇာရီမှုအမှတ်-၁၀၆/၂၀၁၄ (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တရားရုံး)တို့ဖြင့် ဦးမောင်မောင်မြင့်နှင့် ဦးမင်းနိုင်တို့မှ အနိုင်ဒီကရီရရှိခဲ့ပြီး ယခုတရားရုံးများကိုယ်စား ဘီလစ်ဒေါ်လှဲလှဲခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ အနိုင်ဒီကရီနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြစိမ်းရောင် ကျေးရွာစီမံကိန်းအတွက် ကော်မတီဝင်များရွေးချယ်

**ချောင်းဦး၊ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကော်မတီဝင်များ ရွေးချယ်ခြင်းကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ မူလတန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ထပ်မံဖြည့်စွက်ငွေ) ဖြင့် ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာတွင် ဆောင်ရွက်ရန် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးမှာဖြစ်တဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားများမှ တင်မြှောက်သော ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များကို ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်း ဖြစ်ပါတယ်" ဟု ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ပြောသည်။

ကိုးတောင်ကန်ကျေးရွာ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ရွေးချယ်ပွဲသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညို၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ ဒေါ်ဉမ္မာခင်၊ မုံရွာခရိုင် ကျေးလက်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုက "ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာမှာ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒအရ ရွေးချယ်ပေးခဲ့ပြီး ဒီအဖွဲ့ဝင် ခုနစ်ဦးကနေမိမိတို့ ကျေးရွာပြည်သူတွေရဲ့လိုအပ်တဲ့လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အိမ်ထောင်စုအလိုက် ငွေများထုတ်ချေးပေးပြီးဆောင်ရွက်စေမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ယုယုဝင်း**

# ခမောက်ကြီးမြို့နယ်ခွဲ စာပေရေချမ်းစင်များတွင် စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်

**ခမောက်ကြီး၊ ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူ အသိပညာ ဗဟုသုတ တိုးပွားစေရန်ရည်ရွယ်ချက်ဖြင့် ချိတ်ဆွဲထားသည့် နံရံကပ်စာပေရေချမ်းစင်များ၌ စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မြို့ပေါ်ရပ်ကွက်၊ အများပြည်သူစည်ကားရာနေရာများတွင် ချိတ်ဆွဲထားသည့် နံရံကပ်စာပေရေချမ်းစင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက အတွဲ (၂) အမှတ် (၁၁) ဘာသာရပ်စုံ စာအုပ်စာစဉ် ၁၃ မျိုးအား လိုက်လံလဲလှယ်ဖြည့်ဆည်းဆောင်ရွက်ခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# မုံရွာခရိုင်မြန်မာစာချစ်မြတ်နိုးသူများအသင်းဖွဲ့စည်းတည်ထောင်၍ မြန်မာစာချစ်သူများကို စတင်စုစည်းပြီ

**မုံရွာ၊ ဇန်နဝါရီ ၁၂**

မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ ဂုဏ်ကို မြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများတိုးပွားစေရန်၊ မြန်မာစာပေ ချစ်မြတ်နိုးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုအစဉ် အလာကောင်းများ ထိန်းသိမ်းတတ်စေရန်နှင့် မြန်မာ့စာပေစွမ်းအားဖြင့်နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးရန် ရည်ရွယ်၍ မုံရွာခရိုင် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းကို ဇန်နဝါရီ ၁၁ ရက်က ဖွဲ့စည်းတည်ထောင်ခဲ့ရာ နာယကငါးဦး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်များကို အများ၏ ဆန္ဒနှင့်အညီ တင်မြှောက်ခဲ့သည်။

မုံရွာခရိုင် မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း ဖွဲ့စည်းတည်ထောင်ခြင်းကို မုံရွာမြို့၊ ရွှေစည်းခုံဘုရားကြီး ပဋ္ဌဝဂ္ဂီဓမ္မာရုံကြီးအတွင်း ကျင်းပရာ ဥက္ကဋ္ဌ ဆရာကြီး ဦးစိန်လွင်(မောင်စိန်လွင်-မင်းကင်း)၊ အတွင်းရေးမှူးကို ဦးကျော်သက်ခိုင် (မုံရွာ)၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အမှုဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

မုံရွာခရိုင် မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းမှာ မုံရွာမြို့ ကိုဗဟိုပြု၍ မုံရွာခရိုင်အတွင်းရှိမုံရွာမြို့နယ်၊ ဘုတလင်မြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် အရာတော်မြို့နယ်များတွင် မြို့နယ် မြန်မာစာပေချစ်မြတ်နိုးသူများကို ဖွဲ့စည်းရန် မြို့နယ်စည်းရုံးရေးမှူးများကိုပါ တင်မြှောက်ခဲ့သည်။ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းအနေဖြင့် ရှေးဟောင်းမြန်မာစာပေ အမွေအနှစ်များ မပျောက်ပျက်ရန် ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းရန်၊ ရှေးဟောင်းဂန္ထဝင်မြန်မာစာပေများကို စာအုပ်အဖြစ်ထုတ်ဝေရန်နှင့် စာနယ်ဇင်းများမှတစ်ဆင့် ဖော်ထုတ်သွားရန်၊ မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့ပြီးဖြစ်သော မြန်မာစာပေဂုဏ်ကို မြှင့်တင်သည့် အနုပညာရှင်ကြီးများကို ဂုဏ်ပြုသည့်အမှတ်တရ အခမ်းအနားများကို ကျင်းပရန်နှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနစာတမ်းများ ပြုစု၍အခါအားလျော်စွာ ဖတ်ကြားရန်၊ ပုံနှိပ်ထုတ်ဝေရန်၊ စာစောင်ဂျာနယ်မဂ္ဂဇင်းများ ထုတ်ဝေရန်များတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။



ဦးကျော်သက်ခိုင်



ဦးမာကျော်



ဦးချစ်ဦး



ဦးစိန်လွင်

**ဦးချစ်ဦး(စာရေးဆရာမောင်မောင်ချစ်ဦး၊ အသင်းအမှုဆောင်)**

မြန်မာစာချစ်မြတ်နိုးသူများအသင်း ပေါ်ပေါက်သင့်တာ အရင်တည်းက ပေါ်ပေါက်သင့်တာပါ။ ဒါပေမယ့် အချိန်ယူ၊ အရှိန်ယူပြီးလုပ်ကြရမှာပါ။ မြန်မာစာဆိုတာ မြန်မာလူမျိုးတွေရဲ့မရှိမဖြစ်စာဖြစ်တဲ့ အပြင် ယဉ်ကျေးမှုဖြစ်တဲ့အတွက် အားလုံးဟာ တညီတညွတ်တည်း မြန်မာစာကို ချစ်မြတ်နိုးစွာနဲ့ မြန်မာစာကို မြှင့်တင်ရေးလုပ်ဆောင်ကြမှသာ မြန်မာစာဟာ ရှေ့တန်းရောက်မှာပါ။

**ဦးမာကျော် (မုံရွာခရိုင် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နာယက)**

"မြန်မာစာအမြင်ကတော့ တဖြည်းဖြည်းနဲ့ မြန်မာစာရဲ့ အနှစ်သာရဟာ ပျောက်သလောက်ရှိလာနေတာ တွေ့နေရပါတယ်။ မြန်မာစာအရေးအသားမှာကို ကောင်းကောင်းမရေးသားတတ်သေးတာကို တွေ့နေရပါတယ်။ ရှေးကရေးတဲ့ မြန်မာစာကြောင်းတွေနဲ့ ယှဉ်ပြိုင်ရင် အခုစာတွေဟာ အတော်ဖတ်ရတာကွာနေပါပြီ။ အဲဒါကြောင့် အခုဖွဲ့တဲ့ မုံရွာခရိုင် မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းဖွဲ့စည်းခြင်းဟာ ဒုတိယခေတ်ဆန်းစာပေဖွံ့ဖြိုးဖို့ ခြေလှမ်းလို့ပဲ ပြောလို့ရပါတယ်။ အရင်က ပထမခေတ်ဆန်းစာပေပေါ်ခဲ့တာအများကြီး မြန်မာစာဟာ ရှေ့ရောက်ခဲ့ပါတယ်"။

**ဦးစိန်လွင် (မုံရွာခရိုင် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ)**

မြန်မာစာပေကို ဒီနေ့ခေတ်လူငယ်တွေက သိပ်မဖတ်ကြတော့ဘူးလေ။ မဖတ်ကြတဲ့အခါ မြန်မာစာပေ မဂ္ဂဇင်းတို့ ဗဟုသုတစာပေတွေဆိုတာလည်း တဖြည်းဖြည်းကွယ်ပျောက်လာနေပြီလေ။ ဒါကြောင့် မြန်မာစာပေကို ပြန်လည်ရှင်သန်လာအောင် မြန်မာစာမြတ်နိုးသူများအသင်းဖွဲ့ပြီး များများစည်းရုံးပေးရမှာပဲဖြစ်ပါတယ်။ ဒါမှ ကလေးတွေက မြန်မာစာပေကို ချစ်မြတ်နိုးလာကြမှာပါ။ အခုခေတ်ကျောင်းသား ကလေးငယ်အတော်များများဟာ မြန်မာစာကြောင်းကို မတည်ဆောက်တတ်တာများနေပါပြီ။ ဖြစ်သလိုပဲ တည်ဆောက်နေတာတွေ့နေရပါတယ်။ မြန်မာစာတဖြည်းဖြည်းဆုတ်ယုတ်သွားတာကို တွေ့လာနေရတဲ့အတွက် ဒီအသင်းမှာ ပါဝင်ဆောင်ရွက်ရတာပဲဖြစ်ပါတယ်။

**ဦးကျော်သက်ခိုင် (မုံရွာခရိုင် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး)**

"မြန်မာစာကို ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ မြန်မာစာပေကို မြန်မာလူမျိုးလည်းဖြစ်တဲ့အတွက်ချစ်ကြပါ။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းမှာရှိတဲ့ မြန်မာချစ်ကြတဲ့သူတွေ စုစည်းပြီးတော့ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းကို မြန်မာစာတိုးတက်ရေးနဲ့ မြှင့်တင်ချင်လွန်းလို့ ဒီအသင်းကိုဖွဲ့ရတာပါ။ ဒါကြောင့်မြန်မာစာပေနဲ့ အလှမ်းဝေးနေတဲ့၊ မြန်မာစာပေကို မြတ်နိုးသူတိုင်း လက်တွဲပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်"။

**မျိုးဝင်းထွန်း(မုံရွာ)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၄၁၁)၊ မြေကွက်တည်နေရာအမှတ်(၄၁၁)၊ ရေကြည်လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ကြီးကျော်ကျော်ဦးအမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက်နှင့် အမည်ပေါက် ဇနီးကွယ်လွန်၍ မရူပါကျော်ဦး[၁၂/သဃက(နိုင်) ၁၇၈၂၅၀]မှ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈B၊ မြေကွက်အမှတ်-၆၆A/၁၃၇၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ ရတနာသိဒ်လမ်း၊ မုန့်မြောက်ရပ်ကွက်၊ စမ်းချောင်း၊ (ဒေါ်မြမြ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြနှင့်ခင်ပွန်းဦးသန်းထွန်းတို့ ကွယ်လွန်ကြသဖြင့် သားသမီးများဖြစ်ကြသော (၁)ဒေါ်ငွေငွေသန်း[၁၂/စခန(နိုင်)၀၃၀၂၂၆]၊(၂)ဦးကျော်ဇော[၁၂/စခန(နိုင်)၀၃၃၈၂၀]တို့ထံမှ GP ၂၄၅၅၆/၃-၁၂-၁၃ဖြင့် ရရှိသူ ဒေါ်ယဉ်ယဉ်အေး[၇/သကန(နိုင်)၀၀၆၁၃၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပို့အားမြင့်ထရန်စဖော်မာတပ်ဆင်ပေးရန်နှင့် မီတာများချပေးရန်ဒေသခံတို့လိုလား

**ပွင့်ဖြူ၊ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာနှင့် ဥယျာဉ်ကျစ်ကျေးရွာနှစ်ရွာတွင် လျှပ်စစ်မီးရရှိပြီး ပို့အား ၃၁၅ ဝပ် ထရန်စဖော်မာတစ်လုံး တပ်ဆင်အသုံးပြုနေပြီး ၎င်းကျေးရွာနှစ်ရွာရှိ လျှပ်စစ်မီတာများမှာ မီးလုံလောက်စွာ အသုံးမပြုနိုင်သဖြင့် ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးရန်လိုအပ်နေကြောင်း ဒေသခံများက ပြောသည်။

"ကျွန်တော်တို့ရွာမှာ လျှပ်စစ်မီးကို ၁၉၈၅ ခုနှစ်ကတည်းက ပို့အား ၂၅ ဝပ် ထရန်စဖော်မာတစ်လုံးနဲ့ မီးလင်းစေခဲ့ပါတယ်အဲဒီနောက် ပို့အား ၁၀၀ ဝပ်တစ်လုံး ထပ်ပြောင်းလဲတပ်ဆင်ခဲ့ပါတယ်။ နောက် ၂၀၁၃-၂၀၁၄ မှာ ယနေ့ထိ သုံးစွဲနေတဲ့ ပို့အား ၃၁၅ ဝပ် ထရန်စဖော်မာ ပြောင်းလဲတပ်ဆင် သုံးစွဲခဲ့ပါတယ်" ဟု ရှောက်တောကျေးရွာသားတစ်ဦးက ပြောသည်။

ရှောက်တောကျေးရွာတွင် အိမ်ခြေ ၅၇၆ အိမ်နှင့် ဥယျာဉ်ကျစ်ကျေးရွာတွင် အိမ်ခြေ ၃၁၈ အိမ်ရှိပြီး လျှပ်စစ်မီတာ ၄၇၂ လုံး တပ်ဆင် အသုံးပြုလျက်ရှိသည်။ တပ်ဆင်ထားသော ပို့အား ၃၁၅ ဝပ်ထရန်စဖော်မာသည် အသုံးပြုနေသော အိမ်သုံးမီတာများနှင့် စက်ရုံသုံး ပါဝါမီတာ ၃၀ လုံးအားလုံလောက်စွာ မီးမပေးနိုင်၍ ဆန်စက်များ၊ စက်မှုလုပ်ငန်းများ အခက်အခဲဖြစ်နေသည်ဟု ယင်းက ဆက်လက်ပြောသည်။

"ကျွန်တော်တို့ရွာမှာက လျှပ်စစ်မီးရဖို့ မီတာလျှောက်ချင်တဲ့လူဦးရေ ၅၀ လောက်ရှိတယ်။ မီးအားမနိုင်လို့ဆိုပြီး မီတာချမပေးဘူး။ သူများအိမ်တွေလို ကျွန်တော့်အိမ်လည်း မီးလင်းချင်ပါတယ်။ လျှပ်စစ်မီးမရှိတော့ အိမ်က ကျောင်းသားတွေ စာကျက်စာဖတ်ဖို့ အခက်အခဲဖြစ်ရပါတယ်" ဟု လျှပ်စစ်မီးသုံးစွဲခွင့်မရသော ဒေသခံတစ်ဦးက ပြောသည်။

"ရှောက်တောကျေးရွာမှာ မီးလိုင်းတွေ တိုးချဲ့တပ်ဆင်ဖို့နဲ့ ဥယျာဉ်ကျစ်ကျေးရွာမှာ ထရန်စဖော်မာတစ်လုံး တိုးချဲ့တပ်ဆင်ပေးဖို့ ဆောင်ရွက်နေပါတယ်။ လာမယ့်သုံးလပိုင်းလောက်ဆိုရင် အောင်မြင်နိုင်မှာပါ။ ကျွန်တော့်ရဲ့မြို့နယ်အတွင်းက ကျေးရွာတွေ လျှပ်စစ်မီးရရှိဖို့ ကျွန်တော်ကိုယ်တိုင် အထက်ကို တင်ပြဆွေးနွေးထားပါတယ်" ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်အောင်က ပြောသည်။

"ကျွန်တော့်ကျေးရွာမှာ လူဦးရေကတိုး၊ အိမ်ခြေကများလာတော့ မီးသုံးစွဲတဲ့လူတွေက များလာတယ်။ မီးလိုချင်လို့ လျှောက်ချင်သူတွေလည်း တိုးလာတယ်။ ရွာမှာရှိတဲ့ ထရန်စဖော်မာက မီးမနိုင်တော့ မီတာတွေထပ်တိုးလို့မရဘူးဖြစ်နေတယ်။ အဲဒီကိစ္စကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်အောင်နဲ့ ရွာကလူတွေ ဆွေးနွေးတိုင်ပင်ပြီး လျှပ်စစ်မီးတိုးချဲ့တပ်ဆင်ဖို့ အထက်ကိုတင်ပြထားပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းတင်က ပြောသည်။

**ကောင်းသုတ(မင်းဘူး)**

## မိုးပွင့်(အထူး)စီမံချက်အားမြို့နယ်ရှစ်ခုတွင် ဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်နေသူများအတွက် မိုးပွင့်(အထူး)စီမံချက်အဖြစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် လ ၃၀ရက် အထိ ခြောက်လတာ နိုင်ငံတစ်ဝှမ်းတွင် ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများအား ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက မိုးပွင့် (အထူး) စီမံချက်ကွင်းဆင်းဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ ရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးရဲရင့်ထွန်းက မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

**(ဖြေ၄)**





**ရန်ကုန်တိုင်းဒေသကြီး(မြောက်ပိုင်းခရိုင်) လှည်းကူးမြို့နယ် ဒါးပိန်မြို့ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် အမှိုက်သန့်ရှင်းရေးလုပ်ငန်းအားဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့်အဖွဲ့၊ လှည်းကူးမြို့နယ်စည်ပင်အဖွဲ့၊ ဒါးပိန်တိုက်နယ်ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာနိုင်ထွန်းဇော်နှင့်အဖွဲ့၊ ဒါးပိန်မြို့ အရန်မီးသတ်တပ်ဖွဲ့နှင့်အတူ ဒါးပိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဌေးနှင့်အဖွဲ့တို့က မြို့သူ၊ မြို့သားများက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။**

သတင်းနှင့်ဓာတ်ပုံ- ကြေးမုံ

## ဆွမ်းဆန်စိမ်းလောင်းလှူမဟာဒုတ်ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန်၊ ဇန်နဝါရီ ၁၂**

မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးမျိုးဆက်သစ် သားငယ်၊ သမီးငယ်များ ဘာသာ၊ သာသနာနှင့် ထိတွေ့နီးစပ်စေရေးဦးတည်၍ ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်လာစေရန်အတွက် ကလေးအထူးတရားပွဲကို ဇန်နဝါရီ ၈ ရက် ည ၇ နာရီက ပေါက်တောရပ်ကွက်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်း လောင်းဓမ္မာရုံရှေ့ တရားဟောစင်မြင့်တွင် ပေါက်တောရပ်ကွက်လုံးဆိုင်ရာ ဆွမ်းလောင်းအသင်းနှင့် အင်းစိန် ဈေးကြီး ဆွမ်းလောင်းမိသားစုတို့ ပူးပေါင်း၍ ယဉ်ကျေးလိမ္မာအရှင်ပညာဝံသ (သာသနာ့ဓမ္မာစရိယ)က သားငယ်၊ သမီးငယ်များကို ဟောကြားသွန်သင်ဆုံးမသည်။

ထို့အပြင် ပေါက်တောရပ်ကွက် အမှတ်(၆၄) ရတနာလမ်း သံဃဒါနဆွမ်းလောင်းဓမ္မာရုံတွင် ဆွမ်းလောင်းအောင်ပွဲကျင်းပရေးကော်မတီက အင်းစိန်မြို့နယ်အတွင်း စာသင်တိုက်ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော် (၂၈)ပါး၊ သံဃာတော်အပါး ၅၅၀တို့အား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ရပ်ကွက်အတွင်းအိမ်ခြေ အိမ်ထောင်စု ၂၀၀ ကျော်တို့တွင် သံဃာအပါး ၅၅၀ တို့အား ပင့်ဖိတ်ပြီး မဟာဒုတ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြကာ ရတနာလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမကြီး တစ်လျှောက်တွင် ဆရာတော်၊ သံဃာတော်တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။ **မြင့်ဦး(အင်းစိန်)**











### ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

ရွှေတောင်မြို့နယ်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်း၊ ဗုဒ္ဓဂယာ၊ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သို့ပါ၍ အသင်းသူ၊ အသင်းသားများနှင့် ရွှေတောင်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

အသင်းသူ၊ အသင်းသားများနှင့် ရွှေတောင်မြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများ အနက် ၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့် မည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်နှင့် အထောက်အထားများ တစ်ပါတည်း ယူဆောင်လာပါရန်ဖြစ်ပါသည်။

(၁) ဦးရဲမြင့် ဖုန်းနံပါတ် ၀၉-၇၃၀၃၈၉၂၀
(၂) ဦးတင်ဌေးဦး ဖုန်းနံပါတ် ၀၉-၅၀၃၅၈၅၃

လက်ဆောင်ပစ္စည်းများလဲလှယ်ခြင်း အစီအစဉ်ရှိပါသည်။ ရွှေတောင်မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

### ရောင်း/ငှားမည်

မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံအနီး၊ မင်္ဂလာသန်းမြင့်ကုန်တိုက်ဘေးကပ်လျက်လမ်း၊ သီရိမွန်လုံးချင်းအိမ်ရာ (၁၀)လမ်း၊ မြေပေ(၇၀×၈၀)ပေါ်ရှိ အိမ် 2RC၊ ပေ(၄၀×၅၀) 2MBR, 4BR, Aircon ၅ လုံး၊ ဖုန်း၊ ရေ မီး(ပါဝါ၊ ရိုးရိုး) အပေါ်အောက်ပါကေးခင်း (အရှေ့လှည့်၊ ဂရန်အမည်ပေါက်) ကား ၁၀ စီး ရပ်နိုင်သည်။ ဘော်ဒါဆောင်၊ အဆင့်မြင့်ကျောင်း၊ ကုမ္ပဏီရုံးခန်းလက်ခံသည်။

ဖုန်း-၀၉-၄၀၂၆၄၆၀၁၆၊ ၀၉-၇၃၁၃၂၈၉၀

TIPTOP

TIPTOP

# နိုဘယ် - မြန်မာစာပေပွဲတော်

အမျိုးသားစာတတ်နှံ့ မြို့မကျောင်း လမ်း ရန်ကုန်မြို့ ၁၇၊ ၁၈၊ ၁၉ ဇန်နဝါရီလ၊ ၂၀၁၅၊ နံနက် ၉း၀၀ နာရီမှ ည ၁၁း၀၀ နာရီ

2015
NOBEL-MYANMAR LITERARY FESTIVAL




စာရေးဆရာ-ဆရာမများ၊ ပန်းချီ ကာတွန်း၊ ကဗျာ ဆရာ-ဆရာမများ ပါဝင်ပြီး
ဆရာ ချစ်ဦးညို စီစဉ်တင်ဆက်သည့် ဆရာ ဇော်ဂျီ၏ 'မဟာဆန်ချင်သူ' ပြဇာတ်

နိုဘယ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီ

MRTV-4 Channel 7 Mandalay FM




SKYSUITES
PRIVATE & QUALITY LIVING
FREEHOLD
LAND
ရာဝတီဘဏ်
AYA Bank
အကောင်းဆုံးငွေပေးချေမှုစနစ်
တစ်လလျှင် ၃၉ သိန်း
မှစ၍
Q HOME
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959-252 80 8200, 252 80 8300
SPINE
*terms & conditions apply
*Limited qty

ကြော်ငြာ

# အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍ

# CLASSIFIEDS

## ဝန်ထမ်းအလိုရှိသည်

မော်လမြိုင် Strand Hotel တွင်မန်နေဂျာ တာဝန်ထမ်းဆောင်ရန်အတွက် အမျိုးသမီးဝန်ထမ်း(၁)ဦး အလိုရှိသည်။

(၁) ဟိုတယ်အတွေ့အကြုံအနည်းဆုံး လုပ်သက်(၂)နှစ်ရှိရမည်။
(၂) အသက်(၄၀)နှစ်ထက်မကျော်ရ။
(၃) English ဘာသာစကားကျွမ်းကျင်ရမည်။
(၄) အိမ်ထောင်မရှိသူဖြစ်ရမည်။

**ဆက်သွယ်ရန်လိပ်စာ** – အမှတ်(71.A)ရွှေဘုံသာလမ်း (အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မှတ်ချက်**။ ။ (၁၅–၁– ၂၀၁၅)ရက် နောက်ဆုံးထား၍ လျှောက်လွှာများကိုလာရောက်လျှောက်ထားနိုင်သည်။ Ph:01-243626, 375027,380714

## ဝန်ထမ်းအလိုရှိသည်

**Tours Operation Manager** **Female(1)Post**

**Salary- Negotiable**

Job Description

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- Travel & Tours နှင့်ပတ်သက်သောအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- English 4 Skill အား ကျွမ်းကျင်ရမည်။
- Operation Team အား ကောင်းမွန်စွာကိုင်တွယ်နိုင်ရမည်။
- CV ကို ဖုန်းနံပါတ် ၀၁-၃၈၅၁၅၆၊ ၀၁-၂၄၀၂၁၄ (သို့) Email ဖြင့် bluelinetravel1@gmail.Com သို့ ပေးပို့နိုင်ပါသည်။

Blue Line travels & Tours Co.,Ltd.
No.64,1 st floor, Upper Pansodan Street,
Mingala Taung Nyunt Township, Yangon, Myanmar.

## Sun Flower Co.,Ltd မှ

### အောက်ပါကျွမ်းကျင်ဝန်ထမ်းများအား အလိုရှိပါသည်။

| | | |
|---|---|---|
| ၁။ | အထက်တန်းကျောင်းအုပ် | ကျား/မ (၁)ဦး |
| ၂။ | မန်နေဂျာ(အရောင်း) | ကျား/မ (၄)ဦး |
| ၃။ | အရောင်းကျွမ်းကျင်ဝန်ထမ်း | မ (၄၀)ဦး |
| ၄။ | လုံခြုံရေးဝန်ထမ်း | ကျား (၁၀)ဦး |
| ၅။ | သန့်ရှင်းရေးဝန်ထမ်း | ကျား/မ (၁၀)ဦး |
| ၆။ | ယာဉ်မောင်း | ကျား (၁၀)ဦး |

လျှောက်လွှာများကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့ နောက်ဆုံးထား၍ အောက်ပါ E.mail (သို့)ဖုန်းဖြင့် ရုံးချိန်အတွင်း မေးမြန်း၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**ကိုပြည့်ဖြိုးသန့်** ၀၉-၉၇၅၂၈၂၅၇၀
**နော်စေဗီယာ(Sylvia)** ၀၉-၄၂၀၂၄၆၄၁၈/၀၉-၂၅၃၀၅၂၃၂၅

## ဝန်ထမ်းအလိုရှိသည်
## ပြည်တွင်း၌သာခန့်ထားရန်

(၁) Marketing မ (၅) ဦး
- အသက် (၂၂)မှ(၃၀)အတွင်းရှိရမည်။
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်၍ သွက်လက်စွာတာဝန်ထမ်းဆောင်နိုင်ရမည်။

**(၂)အရောင်းဝန်ထမ်း** မ (၅) ဦး
- အသက် (၂၀) မှ (၃၀) အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။
- ရိုးသား၍ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်သူဖြစ်ရမည်။

ဆက်သွယ်ရန်
C.S Underwear Collection
တိုက် (၁၈/၈)၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊ ဝင်ပေါက် (၇)အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၈၈၈၉၀၊၀၉-၇၃၁၅၃၃၃၅၊ ၀၉-၂၅၄၀၀၁၈၀၀။

## Shwe Ka Thar - Shindo
ENGINEERING & MANUFACTURING PTE. CO., LTD.

### Job Vacancies Announcement

Shwe Ka Thar-Shindo Engineering and Manufacturing Pte. Co. Ltd, a Joint Venture Organization Between Shwe Ka Thar Engineering & Manufacturing Company Limited (Myanmar) and Shindo Electronics Company Limited (Japan), is planned to operate COF (Chip on Film) high end electronics production facilities (Phase I) in Yangon, Myanmar soon.

We are now recruiting following positions for immediate employment to young and enthusiastic engineers.

**1. Assistant Engineers (10) positions**
- B.E, M.E, Ph.D degree holder (Mechanical, Electronics, Electrical Power and Chemical Engineering disciplines)
- Fresh Graduates are welcome. 2-3 years working experiences will be added an advantages.
- Selected candidates will be received comprehensive OJT (on The Job Training) program.

**2. Auto Cad Designers/Drafters(2)positions**
- B.E degree holders (Electronics, Electrical Power, Mechanical Engineering disciplines)
- Proficient in AutoCAD
- Able to read and understand engineering drawings

For those interested people, please send application form, together with supporting documents to 151, Yaw Gi Kyaung Street (near Than Lan Bus stop), Hlaing Township, Yangon. Contact No: 09-420105050, 01-519510 or send by email to skt.shindo@gmail.com not later than 20-Jan-15.

Interview will be conducted on 27-Jan-15 to 29-Jan-15 for shortlisted candidates only.

## အမြန်အလိုရှိသည်

(Steel Reinforcement)
(Plumbing & Pipefitting)
(Timber Doors)

## EVER SAFE SECURITY

### လုံခြုံရေးအမျိုးသမီးဝန်ထမ်း အလိုရှိသည်

- အသက် (၂၀)နှစ်မှ (၃၀)နှစ်ကြား
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်

## ဝန်ထမ်းအလိုရှိသည်။

1) Project Engineer
- AGTI , B.E (Civil)

2) Site Engineer
- AGTI , B.E (Civil)

3) Site Staff
- Any Graduate

4) Office Staff
- Any Graduate

5) Secrity

09 25 3500 933



# CAREER OPPORTUNITIES;
# WANT TO JOIN THE WINNING TEAM

We want to work with the best people, who are engaged and passionate about our business our products and our customers.

**APPLY NOW**

| | |
|---|---|
| (1) Marketing Manager | (1) Post |
| (2) Marketing Executive | (6) Posts |
| (3) Sales Manager | (1) Post |
| (4) Sales Executive | (6) Posts |
| (5) Project Manager | (2) Posts |
| (6) Auto CAD Draftman | (2) Posts |
| (7) Installation Carpenter | (10) Posts |

Please visit www.richlife.com.mm for more about us.
Application open 6 Jan 2015 to 28 Jan 2015.
Send your CV to career@richlife.com.mm

RICH LIFE COMPANY LIMITED

# အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍ

# CLASSIFIEDS

RECRUITMENT

## WALK IN INTERVIEW

1. Financial Investment Advisor - 20 Vacancies
2. Marketing Executive -15 Vacancies
3. Front Desk Executive - 2 Vacancies

**Requirement:**

- At least a Diploma in all field are encouraged.
- Good communication skills and enjoy to meet people.
- Fluency in English is an advantage.
- Preferably age 21-35.
- Fresh graduate are encouraged to apply.
- Willing to learn and work under pressure.

**Benefits: For position 1&2**

- Comprehensive training.
- Career development program.
- High income including commission and bonuses.
- Travel Oversea Opportunities.

**Royal Futures Trading Co.,Ltd.**
The Penthouse, 12th Floor, MMB Tower.
No.166, Upper Pansoden Road,
Mingalar Taungnyunt Township, Yangon.
Phone(+951) 383191, 383192, 383193, 383194, 383195, 383196

## K&K Maha Construction Co.,Ltd.

## Site Engineer များအလိုရှိသည်

Site Engineer B.E/B.Tech/AGTI (Civil) - (၃) ဦး

- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။
- Site ကို တာဝန်ယူကြီးကြပ်နိုင်ရမည်။
- CV နှင့်အတူ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ လုပ်ငန်းအတွေ့အကြုံဖော်ပြချက်၊ ပညာအရည်အချင်းအထောက်အထားအပြည့်အစုံ၊ မျှော်မှန်းလစာတို့ဖြင့် (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**K&K Maha Construction Co.,Ltd.**
**အမှတ်(၃၇)၊ နီလာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၄၃၀၈၈၇၊ ၅၄၉၉၆၃၊ ၀၉-၇၃၀၅၀၄၂၅**
**Email:knkmahar@gmail.com**

**ဝန်ထမ်းအလိုရှိသည်။**
Ph : 09-420774245

## ဝန်ထမ်းအမြန်အလိုရှိသည်

သန့်ရှင်းရေး (၃)ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း၊
ရန်ကင်းစင်တာဘေး
ဆရာစံလမ်းမကြီး၊ ရန်ကင်း။
Ph: 09-5133236
(နယ်မှဖြစ်ပါက အဆောင်ရှိသည်။)

## Thai Pot Restaurant တွင် အလုပ်လုပ်ရန်ဖော်ပြရာထူးများ အမြန်လိုအပ်လျက်ရှိပါသည်

| | | |
|---|---|---|
| (1) Assistant Administration & HR Manager | ကျား/မ(၁)ဦး | Salary(500,000) |
| (2) Marketing Executive | ကျား/မ(၁)ဦး | Salary(300,000) |
| (3) Administration Assistant | ကျား/မ(၂)ဦး | Salary(150,000) |
| (4) Store Supervisor | ကျား/မ(၂)ဦး | Salary(250,000) |
| (5) Chief | ကျား(၂)ဦး | Salary(450,000) |
| (6) Assistant Chief | ကျား(၂)ဦး | Salary(300,000) |
| (7) Branch Manager | ကျား(၃)ဦး | Salary(500,000) |
| (8) Cook | ကျား(၆)ဦး | Salary(150,000) |
| (9) Kitchen Supervisor | ကျား(၂)ဦး | Salary(250,000) |
| (10) Head Waiter | ကျား(၄)ဦး | Salary(150,000) |
| (11) Kitchen Assistant | ကျား(၄)ဦး | Salary(100,000) |
| (12) Purchasing Supervisor | ကျား(၂)ဦး | Salary(250,000) |
| (13) Senior Purchaser | ကျား(၂)ဦး | Salary(200,000) |
| (14) Security | ကျား(၄)ဦး | Salary(100,000) |
| (15) Waiter | ကျား/မ(၂၀)ဦး | Salary(80,000) |
| (16) Steward | ကျား/မ(၁၀)ဦး | Salary(50,000) |
| (17) Barman | ကျား/မ(၄)ဦး | Salary(100,000) |
| (18) Asst Accountant | မ(၂)ဦး | Salary(120,000) |
| (19)Restaurant Cashier | မ(၂)ဦး | Salary(70,000) |

ဆက်သွယ်ရန်လိပ်စာ၊ အမှတ်(၃၅/၃၇)၊ မှန်ရေဝေလမ်း၊ ရန်ကင်းဈေးကွေ့ကားမှတ်တိုင်အနီး။ ရန်ကင်းမြို့နယ်။ ဖုန်း-09-428339076/ 09-256037079 လမ်းညွှန်ကား (၁၀၅)၊ (၄၈)၊ (၃၃၃)စီး၊ ရန်ကင်းဈေးကွေ့မှတ်တိုင်ဆင်းရန်။

ရုံးချိန် 9:00 Am to 5:00 Pm အတွင်း ကြော်ငြာပါသည့်ရက်မှ (၂)ပါတ်အထိ လူကိုယ်တိုင် CV Form အပြည့်အစုံဖြင့် လာရောက်လျှောက်ထားရန်။

## ဝန်ထမ်းအလိုရှိသည်

## Rain Forest Co.,Ltd

(1) Site Engineer — ကျား(၅)ဦး၊ မ(၅)ဦး
- B.E(Civil),B.Tech(Civil),AGTI(Civil) ဘွဲ့ရဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်။

(2) Stock & Store — ကျား(၅) ဦး
- ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

(3) စာရင်းကိုင် — မ(၅) ဦး
- B.Com,B.Act,LCCI Level (3)အောင်မြင်ပြီးသူဖြစ်ရမည်။ Computer Excel, Database နှင့် Accounting Software တစ်ခုခုကို ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

(4) Estimate (B.Q) — ကျား/မ(၃) ဦး
- B.E(Civil) ဘွဲ့ ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်နှင့်အထက် ရှိရမည်။
- ဆောက်လုပ်ရေးနှင့်ပတ်သက်သော Estimate များတွက်ချက်နိုင်သူဖြစ်ရမည်။
- Microsoft Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(5) Driver — ကျား(၃)ဦး
- ယာဉ်မျိုးစုံ မောင်းနှင်နိုင်သူဖြစ်ရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- လိုအပ်ပါက နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

(6) Office Staff — ကျား/မ(၃)ဦး
- ဘွဲ့ရ၊ Microsoft Word, Excel, Pagemaker အသုံးပြုနိုင်သူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် အလုပ်သမားထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ CV Form၊ အပြည့်အစုံတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်းလာရောက်လျှောက်ထားနိုင်ပါသည်။

(7) လုံခြုံရေး — ကျား(၁၀)ဦး
- အခြေခံပညာအထက်တန်းအဆင့်ရှိသူ၊ နယ်သွားနိုင်သူဦးစားပေးမည်။

**အမှတ်(S-1)၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:01-519140, 01-2304558**

## AIR KBZ

## " ဝန်ထမ်းအလိုရှိသည် "

**AIR KBZ LTD.** ...

(က) Flight Operations (ခ) Engineering (ဂ) Marketing (ဃ) Ground Operations
(င) Quality Assurance (စ) Finance (ဆ) Driver (ဇ) Aircraft cleaner

UMG Myanmar Co., Ltd.

**Sales Executive Trainees M/F (20) Posts**

UMG Myanmar Co., Ltd.

**Account & Finance Development Program M/F (15) Posts**

# အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍ

# CLASSIFIEDS

A fast growing QSR company is seeking a dynamic candidate to fill the following position.

**POSITION : ASSISTANT SUPPLY CHAIN MANAGER**

**Job Summary:**

This position will assist the senior staff in managing the total supply chain for a fast food restaurant to ensure constant supply of food items and inventory management control.

**Job Responsibilities:**

- Purchase of all food and related items for the restaurant.
- Execution and monitoring of all regular purchasing duties.
- Co-coordinating with the restaurant manager to place orders with all suppliers to ensure timely delivery.
- Ensure competent quality of all purchased food items.
- Maintain complete updated purchasing records and pricing in the system, plan and manage inventory levels of materials and products.
- Source for optimal suppliers and item prices, select and negotiate for the best purchase package in terms of quality, price, terms and deliveries.
- Responsible for the preparation and process purchase orders and documents in accordance with company policies and procedures.
- Handling and monitoring of claims to vendors and suppliers for defective products etc.
- Periodic audit of restaurant inventory and store inventory to ensure non-overstocking situation and ensuring minimum level of inventories items.

**Experience / qualifications:**

- Minimum degree graduate level
- Preferably with minimum of 3 years similar experience in fast food or F & B industry.
- Must be :
  - Able to communicate in English
  - Having high degree of integrity
  - Able to analytical and solve problems
- Demonstrated ability to manage multiple priorities/tasks
- Establish and maintain effective working relationships as required by job responsibility

Email: [illegible]@gmail.com

Contact no: 09-[illegible]

## ဝန်ထမ်းအလိုရှိသည်

(၁) စာရင်းကိုင်ကျွမ်းကျင် စရိတ်ငြိမ်း အဆောင်ရေမီးပေးမည်။ **မ(၂)ဦး**

(၂) ယာဉ်မောင်းကျွမ်းကျင် **ကျား(၂)ဦး**

(၃) စာရင်းကိုင်ကျွမ်းကျင် **(မ)(၂)ဦး** ရန်ကုန်မြို့တွင်း အလုပ်ဆင်းရန်။

**ဆက်သွယ်ရန်-လမ်းမတော်- 09-5002156**

## ROSE HILL HOSPITAL

**အမှတ်(၂၀-A)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇**

| | |
|---|---|
| **(1) MEDICAL OFFICER** | (၃)ဦး |
| **(2) Cashier ဘွဲ့ရ (၁၀)တန်းအောင်** | မ(၃)ဦး |
| **(3) Trained Nurse (B.N.Sc(or) Dip Nursing)** | မ(၅)ဦး |
| **(4) B.Pharm ဘွဲ့ရ** | မ(၃)ဦး |
| **(5) ASS NURSE** | (၃)ဦး |

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၁၀)ရက်အတွင်း ရိုက်ထားသောဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ တို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

## "Rabbit Family Co.,Ltd"

➢ မိမိ၏ ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ ဆောင်ရွက်လိုသော သွက်လက်ထက်မြက်သည့် ဘွဲ့ရ(Marketing) ဝန်ထမ်း မ(၁၀)ဦး အလိုရှိသည်။

(အခြေခံလစာ - ၉၀,၀၀၀ + %)

- ရန်ကုန်မြို့တွင်း နေထိုင်သူများကို ဦးစားပေးမည်။

➢ ကျွမ်းကျင်ဝန်ထမ်းများလာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်([illegible]) [illegible] ရန်ကုန်မြို့

ဖုန်း- [illegible]

## SUPER RICH MAN

**Swimming Pool & Construction Company**

- Internet, E-mail
- Civil Engineer (B.E, B.Tech, AGTI)

## ဝန်ထမ်းအလိုရှိသည်

Iris spa [illegible]

(1) Nail Spa (manicure, pedi, nail art, [illegible])

(2) Body spa & massage

(3) Facial spa

(4) Cashier / Assistant

(5) [illegible]

ဆက်သွယ်ရန် ။ Ph : 09 974847433 , 09 974847499

## ဝန်ထမ်းအလိုရှိသည်

Sunpak International Group Co.,Ltd. ၏ ဗဟိုစည်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်။

(၁) **Office Staff** မ(၅)ဦး

ဘွဲ့ရ

အတွေ့အကြုံ(၁)နှစ်အထက်ရှိသူ

၂၅နှစ်အောက်

(၂) **Accountant** မ(၂)ဦး

B.Com(or)LCCI Level III ရရှိထားသူ၊

အတွေ့အကြုံ(၃)နှစ်အထက်ရှိသူ၊ (၃၀)နှစ်အောက်။

စိတ်ပါဝင်စားသူ မည်သူမဆို CV Form အပြည့်အစုံနှင့်တကွ တိုက်(၃၈)၊ အခန်း(၇)၊ ဒုတိယထပ်၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။

**Ph:09-254264068, 09-420042665**

## ဝန်ထမ်းအလိုရှိသည်

**Top Mother Co.Ltd**

၁။ စာရေးမ(၄)ဦး အလိုရှိသည်။

- အနိမ့်ဆုံးပညာအရည်အချင်း (၁၀)တန်းအောင်

**က/၂၀၃(G)၊ ကံ့ကော်လမ်းမကြီးနှင့် ကမ်းနားလမ်းထောင့်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။**

**Ph:01-686635, 0943162133**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၁၆) ကော်လံ(၆)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်အေးညွှန့်၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာတွင် ကျမ်းကျိန်လွှာ ၁၆၆၃(၂၉-၅-၂၀၁၄)အစား ၁၆၆၃(၂၅-၉-၂၀၁၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ဝန်ထမ်းအလိုရှိသည်

## CRYSTAL DIAMOND LIVESTOCK CO.,LTD

## (Diamond Quality Chick & Feed)

CRYSTAL DIAMOND LIVESTOCK CO.,LTD.(Diamond Quality Chick & Feed) ၏ (Commerical Farm)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) **တိရစ္ဆာန်ဆေးကုဆရာဝန်** **Male(2)Posts**

(၂) **ကြီးကြပ်ရေးမှူး** **Male(5)Posts**

**အမှတ်စဉ်(၁)** ရာထူးအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

**အမှတ်စဉ်(၂)** ရာထူးအတွက် အနိမ့်ဆုံးပညာအရည်အချင်းမှာ (၁၀)တန်း ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ဓာတ်ပုံတစ်ပုံတို့နှင့်အတူ ၇-၂-၂၀၁၅ ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာများအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**-လျှောက်လွှာလက်ခံမည့်နေရာများ**

**ရန်ကုန်** - စ(၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၁-၆၈၂၉၈၅၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉

**မန္တလေး** - ၃၅ လမ်း၊ ၇၄×၇၅ ကြား၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း-၀၂-၆၁၅၀၉၊ ၀၂-၃၆၃၀၉၊

**နေပြည်တော်** - ပ(၁၅၇)၊ ပွဲရုံတန်း၊ ဘောဂသီရိကားဝင်း။ ဖုန်း-၀၆၇-၂၇၀၀၈၊ ၀၉-၃၁၀၀၅၉၄၅

ကိုယ်ပိုင်ယာဉ် [illegible]

- မိမိကိုယ်ပိုင် ([illegible] Truck) နှင့် ကိုယ်ပိုင် [illegible]
- [illegible]
- အမှတ်(၁၇) [illegible]

01 - 538 736, 527 850

UMG Myanmar Co., Ltd.

Human Resources Development Program - M/F (10) Posts

[illegible]

ကြော်ငြာ

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပစ္စည်းများဝယ်ယူရန် ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေများ၊ စာရေးကိရိယာများဝယ်ယူရန်နှင့်ပြေစာများ၊ ပုံစံဇယားများရိုက်နှိပ်ရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀/-ကျပ်နှုန်းဖြင့် ဝယ်ယူပြီး ၂၁-၁-၂၀၁၅ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁း၀၀နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## ရောင်းမည်

-သယ်န်းကျွန်း၊ စံပြ(၇)လမ်း၊ မြေညီ၊ ဘယ်/ညာ၊ အဆင့်မြင့်ပြင်ဆင်ပြီး။ တစ်ခန်း သိန်း ၄၄၀(ညှိနှိုင်း)

-မှော်ဘီ၊ ဥယျာဉ်ခြံမြေ၊ မရမ်းတလင်းဦးပိုင်၊ ပေ(၄၀x၆၀)၊ နှစ်ကွက်စာကျော်၊ ၅၀၀၄ sft၊ ရောင်းဈေး-သိန်း-၅၈၀(ညှိနှိုင်း)

-ဒဂုံအရှေ့၊ ၁၃၅ရပ်ကွက်၊ ပေ(၄၀x၆၀) ပါမစ်မြေ၊ နဝဒေးလမ်းမကြီးကျောကပ်၊ ပေ၄၀လမ်းနှင့် ပေ၆၀လမ်းမကြီး၊ L ကွက်၊ ရောင်းဈေး သိန်း-၃၆၀(ညှိနှိုင်း)

**Ph: 09-420287174**

OD Tour

Oriental Dragon Travels & Tours Co., Ltd

Since 1997

Feb.11,18,27,Mar.

01-538855, 526349, 504808, 523187,09-5108087,5187048.

E.mail: odtravels@gmail.com www.odgtour.com

KING STAR

25000Ks

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဦးကိုကိုအေး(ဖြိုးစည်သူကုမ္ပဏီ)အား နိုင်ငံတော်သမ္မတမှ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း**

**ရွှေသပြေကုမ္ပဏီမိသားစု**

[illegible]

(Open Tender)

| [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|
| က | [illegible] (Kyat) | [illegible] | 19.1.2015 |
| ခ | [illegible] (Kyat) | [illegible] | 19.1.2015 |
| ဂ | 12(T)51/MR (Kyat) | In-service DD 51 Diesel Locomotive (Japan)-(2)Nos [illegible] | 26.1.2015 |
| ဃ | 12(T)52/MR (Euro) | - In-service Electric Tram Car(3 Cars/Sets)-(7)Sets and Electrification Line and Equipments-(1) Lot [illegible] | 26.2.2015 |

၂။ [illegible] 294352, 291985, 291994

မြေကွက်ဝယ်လိုသည်

09 250644566

09 255781353

09 254046497

ဦးဝင်းထိန်

စံပြစာစီစာကုံးများ

99

အချိုမှုန့်

အထူးဆု ကျပ် (၁)သိန်း ကံထူးရှင်များ

ပထမဆု ကျပ် (၁၀၀) သိန်း ကံထူးရှင်

- ကိုဝေလင်းဦး
ပင်လယ်ဘူး၊ ပဒဲကား၊ စစ်ကိုင်းတိုင်း။

ဒုတိယဆု ကျပ် (၅) သိန်း ကံထူးရှင်

- ဦးကျော်စိုး
ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

တတိယဆု ကျပ် (၃) သိန်း ကံထူးရှင်

- မယဉ်ယဉ်အေး
သခင်ကိုယ်တော်မှိုင်းလမ်း၊ လှိုင်သာယာမြို့နယ်။

အမှတ် (၉၇ / ၉၉) ၂၂လမ်း ... လသာမြို့နယ်၊ ရန်ကုန်မြို့။

01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 09 250065717, 09 250065719

ကြော်ငြာ

**"များစွာသော ဆုမွန်ကောင်းများတောင်းလျက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း"**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ညီ/အကို ဖြစ်သူ

**ဦးကျော်လွင် (ရွှေလင်းယုန် + ရွှေဆင်ဒါန်အိုးစက်) အား ၂၀၁၅ ခုနှစ်၊**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါ သမယတွင်

**"သုဓမ္မမဏိစောတစေ"**

ဘွဲ့တံဆိပ်အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက်

အထူးပင် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နှင့် ရှေ့ဆက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်

ဘာသာ၊ သာသနာအကျိုးတို့ကို ဆထက်ထမ်းပိုး တိုး၍တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း

များစွာသော ဆုမွန်ကောင်းများတောင်းလျက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

အကို – ဦးမြင့်လွင် + ဒေါ်ခွတီ (တော်ဝင် ကျွင်းစမ်းရည်နှင့် ကုန်မျိုးစုံရောင်းဝယ်ရေး) မိသားစု

အကို – ဦးကျော်မင်း + ဒေါ်ခင်ခင်မော်၊ တူ – မောင်ဖြိုးညွန့်နိုင် (အောင်မင်္ဂလာ မှန်ပြူးရေးအစား ဖွဲ့သောက်ရေသန့်နှင့် ရေခဲစက်) မိသားစု

ညီငယ် – ဦးအေးထွန်းအောင် + ဒေါ်ခင်မကြီး (ထူးကဲ ဆန်၊ ဆီ ရောင်းဝယ်ရေး) မိသားစု

---

**"မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်"**

❖❖❖❖❖❖❖❖❖

